လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
Ministry of Social Welfare, Relief and Resettlement
Office No. (23), Nay Pyi Taw

Monthly Newsletter သတင်းလွှာ November 2022

# လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် ကရင်ပြည်နယ်၊ ဘားအံမြို့ရှိ ဦးစီးဌာနရုံးများ၊ သိုလှောင်ရုံများနှင့် မူလတန်းကြိုကျောင်းများအား ကြည့်ရှုစစ်ဆေး



၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ (၃၊၄)ရက်၊ ဘားအံမြို့

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်သည် (၃-၁၁-၂၀၂၂)ရက်နေ့နှင့် (၄-၁၁-၂၀၂၂) ရက်နေ့အထိ ကရင်ပြည်နယ်၊ ဘားအံမြို့ရှိ ဦးစီးဌာနရုံးများ၊ သိုလှောင်ရုံများနှင့် မူလတန်းကြိုကျောင်းများအား ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးသည် ၂၀၂၂ခုနှစ်၊ နိုဝင်ဘာလ(၃)ရက်နေ့တွင် ပြည်နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးမှူးရုံးသို့ ရောက်ရှိ၍ ပြည်နယ်ဦးစီးမှူးရုံး သိုလှောင်ရုံအား ကြည့်ရှု စစ်ဆေးခြင်း၊ ရုံးဝင်းအတွင်းရှိ ခြောက်ခန်းတွဲ သုံးထပ်ဝန်ထမ်းအိမ်ရာနှင့် ပြည်နယ် ဦးစီးမှူးရုံးတို့အား ကြည့်ရှုစစ်ဆေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ နှုတ်ဆက်အားပေးစကား ပြောကြားခဲ့ပါသည်။

ဆက်လက်၍ ပြည်နယ်ဦးစီးမှူးရုံးအစည်းအဝေးခန်းမတွင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန ဝန်ထမ်းများနှင့် တွေ့ဆုံခဲ့ရာ ပြည်နယ်ဦးစီးမှူးက ပြည်နယ်အတွင်းဘေးဖြစ်ပွားထောက်ပံ့မှုအခြေအနေများ၊ ခရိုင်၊ မြို့နယ်ရုံးများ ဖွင့်လှစ်ထားရှိမှုအခြေအနေ၊ဝန်ထမ်းအင်အား လိုအပ်ချက်များအား ရှင်းလင်းတင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်နိုင်ရေး၊ Quick Win Project များအပါအဝင်

ဌာနမှဆောင်ရွက်လျက်ရှိသော ဝန်ဆောင်မှု လုပ်ငန်းများ ထိရောက် အောင်မြင်စေရေး၊ မိမိတို့၏ လုပ်ဆောင်ချက်များကိုလည်း အများပြည်သူ သိရှိနိုင်ရန် ဆောင်ရွက်ရေး၊ ဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ရေး ကိစ္စရပ်များအား အလေးထားဆောင်ရွက်သွားရေးနှင့် ဝန်ထမ်းများ အားလုံးလုံခြုံရေး၊ ကျန်းမာရေး ဂရုပြုနေထိုင်ဆောင်ရွက်ရန် ဆွေးနွေးမှာကြားခဲ့ပါသည်။



ထို့နောက် ပြည်ထောင်စု ဝန်ကြီးသည် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ ဘားအံခရိုင်ဦးစီးမှူးရုံးသို့ ရောက်ရှိပြီးရုံးနှင့် မြေနေရာအားကြည့်ရှု၍ ရုံး၊ သိုလှောင်ရုံနှင့် ဝန်ထမ်း အိမ်ရာများ ဆောက်လုပ်နိုင်ရေးအတွက် လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ပါသည်။

ထို့နောက် ကရင်ပြည်နယ်၊ လူမှုဝန်ထမ်းဦးစီးမှူးရုံး လက်အောက်ရှိ မူလတန်းကြိုကျောင်း အမှတ်(၁) ဘားအံသို့ သွားရောက်ခဲ့ပြီး မူကြိုအရွယ် ကလေးငယ်များအား ဘက်စုံဖွံ့ဖြိုးမှု ရရှိရေးအတွက် ပြုစုပျိုးထောင်ပေးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး အဆိုပါမူလတန်း ကြိုကျောင်းတွင် ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသော ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံ(အခမဲ့) သင်တန်းသို့ တက်ရောက်နေသော ကိုယ့်အားကိုယ်ကိုးနှင့် ပုဂ္ဂလိကမူလတန်းကြို ကျောင်းများမှ ဆရာမများအား နှုတ်ဆက်စကား ပြောကြားခဲ့ပါသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဘားအံမြို့၊ အမှတ်(၉)ရပ်ကွက်ရှိ မူလတန်း ကြိုကျောင်း အမှတ်(၂)ဘားအံသို့ ရောက်ရှိပြီး ကလေးများ၏ ကာယ၊ ဉာဏ၊ စာရိတ္တ၊ ပေါင်းသင်း ဆက်ဆံရေးနှင့် စိတ်လှုပ်ရှားခံစားမှု ဖွံ့ဖြိုးမှုရရှိစေရန် ပြုစုပျိုးထောင်ပေးနေမှု၊ အာဟာရပြည့်ဝစွာ စားသုံးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးနေမှုများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ပါသည်။

ထို့နောက် ကရင်ပြည်နယ် လူမှုဝန်ထမ်းဦးစီးမှူးရုံး၌ ကရင်ပြည်နယ်အတွင်းရှိ လူမှုဝန်ထမ်းဦးစီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ ပြန်လည်ထူထောင်ရေးဦးစီးဌာနတို့မှ အရာထမ်း/အမှုထမ်းများနှင့် တွေ့ဆုံခဲ့ပြီး ပြည်နယ်အတွင်းရှိဌာန(၃)ခုမှ ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ပါသည်။

ဆက်လက်၍ ၂၀၂၂ခုနှစ်၊ နိုဝင်ဘာလ (၄)ရက်နေ့ မွန်းလွဲပိုင်းတွင် ပြည်နယ်သယံဇာတ ရေးရာဝန်ကြီး ဦးဇော်ဝင်း လိုက်ပါလျက် လူမှုဝန်ထမ်းဦးစီးဌာနမှ ဖွင့်လှစ်ထားသော ဘားအံမြို့၊ အမှတ်(၃)ရပ်ကွက်ရှိ မူလတန်းကြိုကျောင်းသို့ ရောက်ရှိကြရာ ပြည်နယ်လူမှုဝန်ထမ်းဦးစီးမှူးနှင့် တာဝန်ခံကျောင်းအုပ်တို့က ကလေး(၃၅၀)ဦး လက်ခံသင်ကြားပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ပါသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဘားအံမြို့၊ အမှတ်(၃)ရပ်ကွက်ရှိ မူလတန်းကြိုကျောင်းတွင် (၂၀-၁၀-၂၀၂၂)ရက်နေ့မှ (၁၆-၁၁-၂၀၂၂) ရက်နေ့အထိ ဖွင့်လှစ်လျက်ရှိသည့် ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးသင်တန်းအား ကြည့်ရှုစစ်ဆေးခဲ့ရာ သင်တန်းသူ ဆရာမများအား အသက် (၃)နှစ်မှ (၅)နှစ်အရွယ် ကလေးသူငယ်များ အနေဖြင့် ဦးနှောက်ဖွံ့ဖြိုးမှုအကောင်းဆုံးအချိန်ဖြစ်သဖြင့် မူလတန်းကြိုပညာရေး ရရှိရေးသည် ၎င်းတို့အတွက် အလွန်အရေးကြီးပါကြောင်း၊ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ECCD ပညာရေးလွှမ်းခြုံနိုင်ရေးအတွက် ပုဂ္ဂလိကကဏ္ဍမှ တွင်ကျယ်စွာပူးပေါင်းဆောင်ရွက်နိုင်ရေး မိမိတို့ဌာနဘက်မှ နည်းပညာပံ့ပိုး ပေးသွားမည်ဖြစ်ပါကြောင်း၊ မူလတန်းကြိုကျောင်း ပညာရေးသည် ကလေးများ အတွက် ဘဝတစ်သက်တာ အခြေခံအလေ့အကျင့် ကောင်းများ ပြုစုပျိုးထောင်ရာနေရာဖြစ်၍ မူကြိုဆရာမ အလုပ်သည် တန်ဖိုးထားဂုဏ်ယူစရာ အလုပ်တစ်ခု ဖြစ်သဖြင့် သင်တန်းမှပို့ချသော ပညာရပ်များကို စိတ်ဝင်တစား ကြိုးစား သင်ယူကြရန် တိုက်တွန်းမှာကြားခဲ့ပါသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်းဦးစီးဌာနမှ ဖွင့်လှစ်ထားသော ဘားအံမြို့၊ အမှတ်(၉)ရပ်ကွက်ရှိ မူလတန်းကြိုကျောင်းသို့ ရောက်ရှိကြရာ ပြည်နယ်လူမှုဝန်ထမ်းဦးစီးမှူးနှင့် တာဝန်ခံကျောင်းအုပ်တို့က ကလေး(၁၅၀)ဦး လက်ခံသင်ကြား ပေးနေမှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးက တက်ရောက်နေသော ကလေးငယ်များ၏ ဉာဏစွမ်းရည်တိုးတက်စေရန် လေ့ကျင့်နေမှုအခြေအနေများကို ရင်းနှီးနွေးထွေးစွာကြည့်ရှုအားပေးခဲ့ပြီး ကလေးများအတွက် ဖြည့်စွက်စာအာဟာရ ဖြစ်စေရန်မုန့်များ ကျွေးမွေးခြင်း၊ မူလတန်းကြိုကျောင်းအုပ်နှင့် ဆရာမများအား ကလေးများ မူကြိုကျောင်းတွင် ပျော်ရွှင်စွာနေထိုင်ရေး ဂရုပြုဆောင်ရွက်ကြရန်နှင့် မူကြိုကျောင်းရှိ လိုအပ်ချက်များအား ပြင်ဆင်ထိန်းသိမ်းရေးရန်ပုံငွေဖြင့် ကျခံဖြည့်ဆည်းပေးနိုင်ရေး လမ်းညွှန်မှာကြားခဲ့ပါသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ဒေါက်တာသက်သက်ခိုင်သည် ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်းလိုက်ပါလျက် ဘားအံမြို့၊ အမှတ်(၉)ရပ်ကွက်ရှိ လူမှုဝန်ထမ်းဦးစီးမှူးရုံး၊ အစည်းအဝေးခန်းမ၌ ပြည်နယ်/ခရိုင်/မြို့နယ် လူမှုဝန်ထမ်းရုံးများနှင့် မူလတန်းကြိုကျောင်းများ၊ ပြည်နယ်/ခရိုင်/မြို့နယ် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ ပြန်လည်ထူထောင်ရေးစခန်းတို့တွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများနှင့်တွေ့ဆုံခဲ့ပါသည်။

ထိုသို့တွေ့ဆုံစဉ်တွင် ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများအနေဖြင့် မိမိနှင့်မိသားစု လုံခြုံရေး၊ ကျန်းမာရေးကိစ္စရပ်များ အထူးဂရုစိုက်ကြရန် လိုအပ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် မိမိနှင့် မိသားစု၊ ဌာန၊ နိုင်ငံတိုးတက်ရာ တိုးတက်ကြောင်း ကျရာကဏ္ဍမှ အားတက်သရောကြိုးပမ်း ဆောင်ရွက်ရန် လိုအပ်ကြောင်းနှင့် အခက်အခဲများ၊ လိုအပ်ချက်များရှိပါက ပွင့်ပွင့်လင်းလင်း တင်ပြကြရန် လမ်းညွှန်မှာကြားခဲ့ပါသည်။

## မြန်မာ- အိန္ဒိယ- နှစ်နိုင်ငံအစိုးရအကြား နားလည်မှုစာချွန်လွှာ (MoU) အရ ဆောင်ရွက်လျက် ရှိသည့် ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စီမံကိန်းလုပ်ငန်းများနှင့်စပ်လျဥ်း၍ ညှိနှိုင်းအစည်းအဝေးကျင်းပ



နေပြည်တော် နိုဝင်ဘာလ ၁၈ ရက်၊

မြန်မာ-အိန္ဒိယ နားလည်မှုစာချွန်လွှာ (MoU)အရ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းလုပ်ငန်းများနှင့်စပ်လျဥ်းသည့် ညှိနှိုင်းအစည်းအဝေးကို (၁၈-၁၁-၂၀၂၂)ရက်နေ့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ ပြည်ထောင်စုဝန်ကြီး ဦးဆောင်၍ ကျင်းပပြုလုပ်ခဲ့ပါသည်။

အစည်းအဝေးသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ အမြဲတမ်းအတွင်းဝန်၊

အိန္ဒိယနိုင်ငံသံရုံးမှ ပထမ အတွင်းဝန် Mr. Jitendra Rawat နှင့် Liaison Officer Mr. Gautam Pandey၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး ရခိုင်ပြည်နယ် အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဦးဆောင်သော ရခိုင်ပြည်နယ် အစိုးရ အဖွဲ့တာဝန်ရှိသူများ၊ အကောင်အထည်ဖော် ဆောင်ရွက်မည့် ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိ သူများက Online မှ တက်ရောက်ခဲ့ကြပါသည်။

အစည်းအဝေးတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေး နှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာ၌ မြန်မာ-အိန္ဒိယ နားလည်မှုစာချွန်လွှာ MoU အရ အိန္ဒိယနိုင်ငံ အစိုးရက တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ(၅)သန်းဖြင့် ၅နှစ်အတွက် အမေရိကန် ဒေါ်လာ(၂၅)သန်း ထောက်ပံ့ ပေးမည်ဖြစ်၍ ပထမနှစ်အတွက် အိန္ဒိယနိုင်ငံအစိုးရက ရခိုင်ပြည်နယ်အတွင်း နေအိမ်(၂၅၀)လုံး ဆောက်လုပ် ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ဒုတိယနှစ်အတွက် စီမံကိန်း လုပ်ငန်း (၁၃)ခုမှာလည်း သဘောတူညီချက် ရရှိပြီး ဖြစ်ကာ ဝန်ကြီးဌာနက စီမံကိန်းအကောင်အထည် ဖော်ရေးလုပ်ငန်းစဉ် (၄)ဆင့် သတ်မှတ်ဖော်ထုတ်ထားပြီး သက်ဆိုင်ရာဌာနများက စနစ်တကျ အကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ တတိယနှစ် စီမံကိန်း လုပ်ငန်း(၁၇)ခုကို Proposal ပေးပို့ထားခြင်းနှင့် စပ်လျဉ်း ၍ အိန္ဒိယနိုင်ငံသံရုံး တာဝန်ရှိသူများက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီး ဌာန အပါအဝင် သက်ဆိုင်ရာဌာန အသီးသီးတို့နှင့် တွေ့ဆုံ ညှိနှိုင်းဆွေးနွေးလိုကြောင်း နိုင်ငံခြားရေးဝန်ကြီး ဌာနကတစ်ဆင့် အကြောင်းကြားလာသဖြင့် ယနေ့ အစည်းအဝေးကို ကျင်းပရခြင်းဖြစ်ပါကြောင်း၊ အိန္ဒိယ နိုင်ငံနဲ့ ဆွေးနွေးခြင်းမပြုမီ ရခိုင်ပြည်နယ်အစိုးရနှင့် သက်ဆိုင်ရာလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက် နေသော ဦးစီးဌာနတာဝန်ရှိသူများနှင့် အကြိုညှိနှိုင်း အစည်းအဝေးကို (၁၄-၁၁-၂၀၂၂) ရက်နေ့တွင် ပြုလုပ် ခဲ့ပြီး ယနေ့အစည်းအဝေးအတွက် ကြိုတင်ပြင်ဆင် ခဲ့ပါကြောင်း၊ စီမံကိန်းအကောင်အထည် ဖော်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲများဖော်ထုတ်ခဲ့ပြီး စီမံကိန်း အကောင် အထည်ဖော်ရေး ပိုမိုထိရောက်စေရန် ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်က အမှာ စကားပြောကြားရာတွင် ရခိုင်ပြည်နယ် အတွင်း MoU ပါ စီမံကိန်းလုပ်ငန်းများ၏ ဆောင်ရွက်ပြီးစီးမှုများ၊ တွေ့ကြုံ ရသည့် အခက်အခဲများ၊ ညှိနှိုင်းပူးပေါင်းဆောင်ရွက် ပေးရန်လိုအပ်မှုများနှင့် တတိယနှစ်စီမံကိန်း လုပ်ငန်းများ တွင် ဆောင်ရွက်ရန်အခက်အခဲရှိသည့် လုပ်ငန်းများကို ပြောင်းလဲဆောင်ရွက် သွားရန်ရှိပါကြောင်း ဆက်လက် ဆောင်ရွက်မည့် အခြေအနေများနှင့် စပ်လျဉ်း၍ ဆွေးနွေး ညှိနှိုင်း အကောင်အထည်ဖော် သွားမည်ဖြစ်ပါကြောင်း ပြောကြားပါသည်။

အိန္ဒိယနိုင်ငံ သံရုံးမှ ပထမအတွင်းဝန် Mr.Jitendra Rawat က အမှာစကားပြောကြားရာတွင် နှစ်နိုင်ငံချစ်ကြည်ရေးအတွက် ယခုလို ရခိုင်ပြည်ဖွံ့ဖြိုး တိုးတက်ရေးအတွက် အိန္ဒိယနိုင်ငံ ထောက်ပံ့ပေးလျက် ရှိရာ စီမံကိန်းရန်ပုံငွေများ သုံးစွဲရာတွင် စည်းမျဉ်း စည်းကမ်းများနှင့်အညီ ပွင့်လင်းမြင်သာမှု ရှိရန်လိုအပ် ပါကြောင်း၊ စီမံကိန်းလုပ်ငန်းများတွင် ဝန်ထမ်းစွမ်းဆောင် ရည်မြှင့်တင်သော စီမံကိန်းများ ထည့်သွင်းဆောင်ရွက် စေလိုပါကြောင်း၊ ဒီကနေ့ အစည်းအဝေး ပြီးသည့်အချိန် တွင် အဆိုပြုလုပ်ငန်း များနှင့်စပ်လျဉ်းပြီး အသေးစိတ် အချက်အလက်များ ရရှိသည်နှင့်တစ်ပြိုင်နက် အိန္ဒိယ နိုင်ငံအစိုးရသို့ ချက်ချင်းပေးပို့ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြောကြားပါသည်။

၎င်းနောက် အစည်းအဝေး တက်ရောက်လာကြ သော ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ ရခိုင်ပြည်နယ်၊ ဌာနဆိုင်ရာ တာဝန်ရှိသူအသီးသီးက တင်ပြထားသည့် တတိယနှစ်စီမံကိန်း လုပ်ငန်းများနှင့် ပတ်သက်၍ လုပ်ငန်းတန်ဖိုးပြောင်းလဲလိုမှု၊ လုပ်ငန်းနေရာ ပြောင်းလဲ ဆောင်ရွက်လိုမှု၊ အဆောက်အဦ အတိုင်းအတာ ပြောင်းလဲလိုမှု ကိစ္စများကိုလုပ်ငန်း အစီအစဉ်များကို သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆွေးနွေးတင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ဖြည့်စွက် ဆွေးနွေး အကြံပြုခဲ့ကြပါသည်။

# ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကုလသမဂ္ဂကွန်ဗင်းရှင်း အထိမ်းအမှတ်(ကမ္ဘာ့ကလေးများနေ့) အခမ်းအနား ကျင်းပခြင်း



ကလေးသူငယ် အခွင့်အရေးများ ဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း အထိမ်းအမှတ် (ကမ္ဘာ့ကလေးများနေ့) အခမ်းအနားကို (၂၀-၁၂-၂၀၂၂)ရက်နေ့ နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၊ စုပေါင်းအစည်းအဝေးခန်းမ၌ (In Person/ Online) ပေါင်းစပ်သည့် Hybrid စနစ်ဖြင့် ကျင်းပခဲ့ပါသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်နှင့် ကလေးသူငယ်အခွင့်အရေးများ ဆိုင်ရာ အမျိုးသား ကော်မတီဝင်များက Inperson ဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံလူ့အခွင့်အရေး ကော်မရှင်ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး/ ပြည်နယ် ကလေးသူငယ် အခွင့်အရေးများ ဆိုင်ရာ ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများက Online ဖြင့် လည်းကောင်း တက်ရောက်ခဲ့ကြပါသည်။

ပြည်ထောင်စုဝန်ကြီးက အဖွင့် အမှာစကားပြောကြားရာတွင် ကမ္ဘာတစ်ဝှမ်းလုံးမှာရှိသော ကလေးသူငယ်များ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ဖို့နှင့် မြှင့်တင်ဆောင်ရွက်ဖို့အတွက် အပြည်ပြည်ဆိုင်ရာစာချုပ်အဖြစ် အတည်ပြုပြဋ္ဌာန်းခဲ့သည့်ရက်ကို ဂုဏ်ပြုသည့်အနေဖြင့် ကုလသမဂ္ဂအဖွဲ့ကြီးက နိုဝင်ဘာလ (၂၀) ရက်နေ့ကို World Children’s Day အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် UNCRC ကို ၁၉၉၁ ခုနှစ်၊ ဩဂုတ်လ (၁၅) ရက်နေ့တွင်အဖွဲ့ဝင်အဖြစ် အတည်ပြုပါဝင်ခဲ့ပြီး အထိမ်းအမှတ် အခမ်းအနားကို ကျင်းပခဲ့သည်မှာ (၃၃) နှစ် ပြည့်ခဲ့ပြီဖြစ်ပါကြောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ကလေးသူငယ်များ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ဖို့ နှင့်မြှင့်တင်ဆောင်ရွက်ဖို့အတွက် သက်ဆိုင်ရာ အစိုးရဌာနများ၊ INGOs/ NGOs များ၊ အရပ်ဖက် လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး UNCRC ပါ ကလေးသူငယ်အခွင့်အရေးများကို Focal Ministry အနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ အနေဖြင့် ၂၀၁၂ခုနှစ်၊ ဖေဖော်ဝါရီလ (၁၇) ရက်နေ့မှာ ကလေးသူငယ်များအားရောင်းချခြင်း၊ ပြည့်တန်ဆာ ပြုလုပ်ခြင်းနှင့် ညစ်ညမ်းရုပ်ပုံများ တားဆီးကာကွယ်ရေးဆိုင်ရာ CRC နောက်ဆက်တွဲ စာချုပ် (CRC-OPSC) နှင့် ၂၀၁၉ ခုနှစ် စက်တင်ဘာလ (၂၇) ရက်နေ့မှာ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်းရဲ့ နောက်ဆက်တွဲ စာချုပ်တစ်ခုဖြစ်တဲ့ လက်နက်ကိုင် ပဋိပက္ခအတွင်း ကလေးသူငယ်များ ပါဝင်ပတ်သက်မှု ဆိုင်ရာ နောက်ဆက်တွဲ အခြေပြစာချုပ် (CRC-OPAC) တွင် အတည်ပြုပါဝင်ခဲ့ပါကြောင်း၊ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင်

မသန်စွမ်းကလေးသူငယ်များ၊ အရွယ်မတိုင်မီ အလုပ်လုပ်နေရသောကလေးများ၊ ရွှေ့ပြောင်းကလေးများ၊လူကုန်ကူးခံရသောကလေးများ၊ ရင်ခွင်မဲ့ကလေးများ၊ လမ်းပေါ်နေကလေးများ၊ ဥပဒေနှင့်ရင်ဆိုင်နေရသော ကလေးများစသည့် ကလေးသူငယ် အမျိုးအစားအားလုံး အကျုံးဝင်စေရေးအတွက် စီမံချက်များချမှတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကလေးသူငယ်များအပေါ် ကျူးလွန်ခံရသည့် အခွင့်အရေးချိုးဖောက်မှုများ၊ သက်ငယ်မုဒိမ်းမှု၊ ကျား/မ အခြေပြု အကြမ်းဖက်မှုများနှင့် ပတ်သက်ပြီး ကာယကံရှင် ကိုယ်တိုင်သော်လည်းကောင်း၊ သိရှိသူပြည်သူများမှ လည်းကောင်း၊ ဝန်ကြီးဌာနမှ ဖွင့်လှစ်ထားရှိသော Help Line နံပါတ်-၁၅၆၆ သို့ ယုံကြည်စွာ တိုင်ကြားနိုင်ပြီး တိုင်ကြားသူများ၏ သတင်းအချက်အလက် မပေါက်ကြားရေးကို အထူးအလေးထား လက်ခံဖြေရှင်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ၂၀၂၂ခုနှစ်၊ အောက်တိုဘာလ (၂၈)ရက်နေ့တွင် စင်ကာပူ နိုင်ငံ၌ ကျင်းပသည့် အာရှနှင့် သမုဒ္ဒရာ ဒေသနိုင်ငံများ သတင်းအချက်အလက် နည်းပညာ ဆိုင်ရာအသင်းချုပ် Asian-Oceanian Computing Industry Organization (ASOCIO) Digital Government Award 2022 အား ပေးအပ်ချီးမြှင့်ရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသည့် လူမှုရေးရာသတင်း အချက်အလက် စီမံခန့်ခွဲမှုစနစ် Social Management Information System (SMIS) ၏ ကဏ္ဍတစ်ခု ဖြစ်သော လူမှုဖြစ်ရပ် စီမံခန့်ခွဲမှု သတင်းစနစ် (Case Management Information System–CMIS) အား တပ်မတော် (ကြည်း၊ရေ၊လေ) သတင်းအချက်အလက် နည်းပညာ ဌာနနှင့် ပူးပေါင်းရေးဆွဲခဲ့ပြီး မြန်မာနိုင်ငံ ကွန်ပျူတာ အသင်းချုပ်၏ ပံ့ပိုးကူညီမှုဖြင့်ဝင်ရောက် ယှဉ်ပြိုင်ခဲ့ရာ ဝန်ကြီးဌာန အနေဖြင့် ASOCIO Digital Government Award 2022 အား ရရှိခဲ့ပါကြောင်း၊ အဆိုပါ CMIS Software Platform သည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်နေသော ဘက်စုံလူမှု ကာကွယ်စောင့်ရှောက်ရေး အစီအစဉ်အတွင်း ကာကွယ်စောင့်ရှောက်ရန် လိုအပ်သော ကလေးသူငယ်များ၊ ဥပဒေနှင့်ငြိစွန်း လျက်ရှိသော ကလေးသူငယ်များ၊ ရုပ်ပိုင်းဆိုင်ရာနှင့် လိင်ပိုင်း ဆိုင်ရာအလွဲသုံးစားပြုခြင်း ခံရသူကလေးသူငယ်များ၊ ကျား/မ အခြေပြု အကြမ်းဖက်မှုဆိုင်ရာ ကိစ္စရပ်များ၊ လူကုန်ကူးခံရသူ ကလေးသူငယ်များနှင့် အမျိုးသမီးများ၏ ဖြစ်ရပ်များအားလူမှုရေးပိုင်းဆိုင်ရာ စီမံခန့်ခွဲမှုများ ဆောင်ရွက်လျက်ရှိပြီး အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ် သောအဖွဲ့အစည်းများနှင့် ဖြစ်ရပ်စီမံခန့်ခွဲသူများ စနစ်တကျ သုံးစွဲနိုင်ရန် ရေးဆွဲထားသော Digital Platform ဖြစ်ပါကြောင်း၊ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက ယခုနှစ် ကမ္ဘာ့ကလေးများနေ့အတွက် ချမှတ်ပေးထားတဲ့ ဆောင်ပုဒ်မှာ **“Inclusion, For Every Child” “အားလုံးအကျုံးဝင်ဖွံ့ဖြိုးဖို့ ကလေးတိုင်းအတွက် ဆောင်ရွက်စို့”** ဖြစ်ပြီး အားလုံးပါဝင်ဆောင်ရွက်ပေးကြရန် တိုက်တွန်း လှုံ့ဆော်ထားခြင်းဖြစ်ပါကြောင်း၊ ကလေးသူငယ်များသည် နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်ဖြစ်တာကြောင့် အခြေခံကျသည့် အသက်ရှင်သန်ခွင့် (Survival)၊ ဖွံ့ဖြိုးတိုးတက်ခွင့်(Development)၊ကာကွယ်စောင့်ရှောက်ခံပိုင်ခွင့်(Protection)နှင့် ပါဝင်ဆောင်ရွက်ခွင့် (Participation) စတဲ့ ကလေးသူငယ်အခွင့်အရေး (၄)ရပ်ကို အလေးထားဂရုစိုက်ပြီး ကလေးများအတွက် ပိုမိုကောင်းမွန်ပြီး လုံခြုံစိတ်ချရတဲ့ အနာဂတ်တစ်ခု ဖန်တီးပေးရမှာ ဖြစ်ပါကြောင်း၊ ကလေးသူငယ်များ၏ မွေးရာပါအခွင့်အရေး မဆုံးရှုံးစေဖို့ ကလေးသူငယ်အခွင့်အရေးများကို ကလေးမိဘများ၊ ကလေးများနှင့် ပြည်သူလူထုတစ်ရပ်လုံး သိရှိဖို့နှင့် ကလေးတိုင်း လက်လှမ်းမီ တန်းတူညီတူ ရရှိနိုင်ဖို့အတွက် တာဝန်ရှိသူများမှ သက်ဆိုင်ရာကဏ္ဍ အသီးသီးကနေ စဉ်ဆက်မပြတ် ဝိုင်းဝန်း ပူးပေါင်း ဆောင်ရွက်ပေးကြဖို့ တိုက်တွန်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ ကလေးသူငယ်အခွင့်အရေးများနှင့် ပတ်သက်၍ ဗီဒီယိုပြသခြင်း၊ နေပြည်တော် ကလေးပြုစုရေးဌာနရှိ ကလေးများနှင့် နေပြည်တော်မူလတန်းကြိုကျောင်းများရှိ ကလေးများမှ တင်ဆက်ကပြခဲ့ပြီး၊ သရုပ်ဖော်တင်ဆက်ကပြသူ ကလေးများအား ပြည်ထောင်စုဝန်ကြီးက ဆုချီးမြှင့်ခဲ့ပြီး အခမ်းအနားအား နံနက် (၁၁:၂၅) မိနစ်တွင် ရုတ်သိမ်းခဲ့ပါသည်။

# ပြည်ပနိုင်ငံများတွင် ပညာတော်သင် မဟာဘွဲ့ သင်တန်းများအပါအဝင် သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ တက်ရောက်၍ ပြန်လည်ရောက်ရှိလာသော အရာထမ်းများ၏ အတွေ့အကြုံရှင်းလင်းခြင်းနှင့် ဝန်ထမ်းများ နေ့လယ်စာ အတူတကွသုံးဆောင်ခြင်းများပြုလုပ်



**၂၀၂၂ခုနှစ်၊ နိုဝင်ဘာလ ၂၁/၂၂ ရက်၊ နေပြည်တော်**

ပြည်ပနိုင်ငံများတွင် ပညာတော်သင် မဟာဘွဲ့ သင်တန်းများအပါအဝင်သင်တန်းများ၊အလုပ်ရုံဆွေးနွေးပွဲ များတက်ရောက်၍ပြန်လည်ရောက်ရှိလာသောအရာထမ်း များ၏ အတွေ့အကြုံ ရှင်းလင်းခြင်း အစီအစဉ်ကို (၂၁.၁၁.၂၀၂၂) ရက်နေ့မှ (၂၃.၁၁.၂၀၂၂) ရက်နေ့အထိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာန၊ စုပေါင်းအစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်လျက်ရှိရာ ပြည်ထောင်စုဝန်ကြီးဒေါက်တာ သက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ခဲ့ကြပါသည်။

အဆိုပါ အတွေ့အကြုံရှင်းလင်းခြင်း အစီအစဉ် တွင် ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြား ရာ၌ ကိုဗစ်-၁၉ကြောင့် ပြည်ပခရီးစဉ်များ ရပ်နားနေ ခဲ့သဖြင့် အတွေ့အကြုံ ရှင်းလင်းခြင်းအစီအစဉ်ကို ယခု ပထမဆုံး ပြန်လည်စတင်ခြင်းဖြစ်ပါကြောင်း၊ ယခုကဲ့သို့ အသိပညာ ပြန်လည်မျှဝေခြင်းဖြင့် ပြည်ပခရီးသွား ရောက်သူကိုယ်တိုင် ဘာသာရပ်ကို ပိုမိုကျေညက်စွာ နားလည်လာခြင်း၊ အများပြည်သူရှေ့ စကားပြောခြင်း အလေ့အကျင့် ကောင်းမွန်လာခြင်း၊ ပါဝင်တက်ရောက် သူများအနေဖြင့် အသိပညာ၊ ဗဟုသုတရရှိပြီး မိမိတို့ လုပ်ငန်းခွင်တွင် ပြန်လည်အသုံးချနိုင်ခြင်း အကျိုးကျေးဇူး များ ရရှိမည်ဖြစ်ပါကြောင်း၊ ဝန်ထမ်းများအားလုံး ဘဝ တစ်သက်တာလေ့လာသင်ယူမှု (Life Long Learning) ပြုရန် တိုက်တွန်းလိုပါကြောင်း၊ သို့မှသာ တစ်ဦး တစ်ယောက်မှသည် အဖွဲ့အစည်း တစ်ခုလုံး၏ စွမ်းဆောင်ရည် ဖွံ့ဖြိုးလာမည် ဖြစ်ပါကြောင်းအမှာစကား ပြောကြားခဲ့ပါ သည်။

အဆိုပါ အတွေ့အကြုံရှင်းလင်းခြင်း အစီအစဉ် ပထမနေ့တွင် အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာမြို့တွင် အာဆီယံဒေသတွင်းရှိ အမျိုးသမီးများ၏ နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်မှုနှင့် ခေါင်းဆောင်မှုဆိုင်ရာ လေ့လာမှု စာတမ်းရေးသားပြုစုရေးအတွက် နည်းပညာ အထောက် အကူပြု အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်ခဲ့သည့် လူမှုဝန်ထမ်းဦးစီးဌာနမှ အရာထမ်း(၂)ဦးနှင့် ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့တွင် AHA Centre ၏ (၇)ကြိမ်မြောက် ACE Program သင်တန်းသို့ ပါဝင် တက်ရောက်ခဲ့သော ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ အရာထမ်း (၂)ဦးက ဘာသာရပ်ဆိုင်ရာ အသိပညာများ ပြန်လည်

ရှင်းလင်းဝေမျှခဲ့ပြီး အမေး/အဖြေ အစီအစဉ်များ ပြုလုပ်ခဲ့ကြပါသည်။

အဆိုပါ အတွေ့အကြုံရှင်းလင်းခြင်း အစီအစဉ် ဒုတိယနေ့တွင် JDS အစီအစဉ်ဖြင့် ဂျပန်နိုင်ငံ၊ ကိုဘေးတက္ကသိုလ်တွင် Master of International Studies (Disaster Risk Management) သင်တန်းသို့ ပါဝင်တက်ရောက်ခဲ့သော ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ အရာထမ်း(၁)ဦးနှင့် ဖိလစ်ပိုင် နိုင်ငံတွင် ဖွင့်လှစ်သော ကလေးသူငယ်များအား လိင်ပိုင်းဆိုင်ရာ ကျူးလွန်မှု၊ ခေါင်းပုံဖြတ်ခံရမှုများ စုံစမ်းစစ်ဆေးခြင်း စွမ်းရည်မြှင့်တင်မှု အစီအစဉ်သို့ တက်ရောက်ခဲ့သည့် လူမှုဝန်ထမ်းဦးစီးဌာနမှ အရာထမ်း(၁)ဦးတို့က ဘာသာရပ်ဆိုင်ရာ အသိပညာများ ပြန်လည်ရှင်းလင်းဝေမျှခဲ့ပြီး အမေး/အဖြေ အစီအစဉ်များ ပြုလုပ်ခဲ့ကြရာ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီး တို့ကလည်း မေးခွန်းများ ပါဝင်မေးမြန်းခဲ့ကြပြီး မိမိတို့ဌာနအလိုက် ဆက်လက် ဆောင်ရွက်သင့်သည့် အကြံပြုချက်များ ဖော်ထုတ်အကြံပြုသွားရန် လမ်းညွှန်ခဲ့ပါသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး တို့ဦးဆောင်၍ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး၊ ဒုတိယအကြီးအမှူးများနှင့် အရာထမ်း၊ အမှုထမ်းများ နေ့လည်စာအတူတကွ သုံးဆောင်ခြင်း အစီအစဉ်ကို ယနေ့နေ့လယ်ပိုင်းတွင် အဆိုပါ ဝန်ကြီးဌာန စုပေါင်းခန်းမတွင် ဆက်လက် ကျင်းပခဲ့ရာ အရာထမ်း၊ အမှုထမ်းများက မိမိတို့ ရရှိထားသော မဲလက်မှတ်များဖြင့် ကျရောက်သည့် စားပွဲဝိုင်းများကို တစ်ဦးနှင့်တစ်ဦးခင်မင်ရင်းနှီးစွာဖြင့် တိုက်ဆိုင်ရှာဖွေနေကြမှုများအား ကြည့်ရှုအားပေးခဲ့ကြပါသည်။

ဆက်လက်၍ နေ့လယ်စာ မသုံးဆောင်မီ ပြည်ထောင်စုဝန်ကြီးက အမှာစကား ပြောကြားရာ၌ ယခုကဲ့သို့စီစဉ်ရခြင်းမှာ မိမိအပါအဝင် အရာထမ်း အမှုထမ်းအားလုံး အထက်နှင့် အောက်ဆက်ဆံရေး ထက်လုပ်ဖော်ကိုင်ဖက်များအဖြစ် မှတ်ယူကာ တစ်ဦးနှင့်တစ်ဦး ခင်မင်ရင်းနှီးမှုများရရှိပြီး လုပ်ငန်းများ ပိုမိုတိုးတက်အောင်မြင်နိုင်ရေး တက်ကြွစွာ အတူတကွ ပူးပေါင်းဆောင်ရွက်နိုင်ရေး အတွက် စီစဉ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ပါသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များသည် တက်ရောက်လာသည့် အရာထမ်း၊ အမှုထမ်းများနှင့် ခင်မင်ရင်းနှီးနွေးထွေးစွာ နေ့လယ်စာ အတူတကွသုံးဆောင်ခဲ့ပြီး အဆိုပါ အစီအစဉ်သို့ အရာထမ်း၊ အမှုထမ်း စုစုပေါင်း (၂၁၂)ဦး ပါဝင်တက်ရောက်ခဲ့ကြပါသည်။

## "ပဋိပက္ခအတွင်းလိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး ဝန်ထမ်းများစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း" ဖွင့်လှစ်ခြင်း



**၂၀၂၂ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်၊ နေပြည်တော်**

ပဋိပက္ခအတွင်းလိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန် ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းစီမံချက်ပါ ဝန်ကြီးဌာနများမှ ဝန်ထမ်းများသို့ ဖွင့်လှစ်ပို့ချပေးမည့် **"ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး ဝန်ထမ်းများ စွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်း"** ဖွင့်ပွဲအခမ်းအနားကို ၂၀၂၂ခုနှစ်၊ နိုဝင်ဘာလ(၁၀)ရက်နေ့၊ နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီဝင်များ၊ ဝန်ကြီးဌာနများမှ ဘာသာရပ်ပို့ချမည့်

သူများ၊ တာဝန်ရှိပုဂ္ဂိုလ်များနှင့် သင်တန်းသား/သင်တန်းသူ စုစုပေါင်း(၈၀)ဦး တက်ရောက်ခဲ့ကြပါသည်။

အခမ်းအနား၌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ပြည်ထောင်စုဝန်ကြီး က အဖွင့်အမှာ စကားပြောကြားရာတွင် သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်သည် ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းစီမံချက် (၂၀၂၁-၂၀၂၂)ကို အကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိသည့် သက်ဆိုင်ရာဌာန/ အဖွဲ့အစည်းများမှ ဝန်ထမ်းများအနေဖြင့် ပဋိပက္ခအတွင်းလိင်အကြမ်းဖက်မှုဆိုင်ရာ တုံ့ပြန်ဖြေရှင်းဆောင်ရွက်မှု အသိပညာ၊ ဗဟုသုတများရရှိပြီး အမျိုးသားအဆင့် လုပ်ငန်းစီမံချက်ပါ လုပ်ငန်းစဉ်များအား အကောင်အထည် ဖော်ရာတွင် အထောက်အကူဖြစ်စေရန် ဖြစ်ပါကြောင်း၊ ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပထမအကြိမ် သင်တန်းကို ၂၀၂၂ ခုနှစ် ဩဂုတ်လတွင် ဖွင့်လှစ်ခဲ့ပြီး ယခုသင်တန်းမှာ ဒုတိယအကြိမ်မြောက် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ဆွေးနွေးသွားမည့် ဘာသာရပ်များမှာ တိုင်ကြားမှုအပေါ်အရေးယူဆောင်ရွက်ခြင်း၊ အမှုတိုင်ကြားမှုအပေါ် ဆောင်ရွက်မှုအဆင့်ဆင့်၊ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ Conflict-related Sexual Violence (CRSV) ဆိုင်ရာ နှစ်စဉ်အစီရင်ခံစာနှင့် မြန်မာနိုင်ငံကို အစီရင်ခံစာ၏ နောက်ဆက်တွဲ စာရင်းတွင် ထည့်သွင်းထားခြင်း၊ လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ် များအပေါ် ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးဆိုင်ရာဆောင်ရွက်ချက်များ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနဲ့ စပ်လျဉ်းတဲ့ပြစ်မှုများအကြောင်း၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အမှတ် ၁၃၂၅၊ UNSCR-1325၊ လူမှုဝန်ထမ်းဦးစီးဌာနရဲ့ Helpline ဝန်ဆောင်မှုနဲ့ တစ်နေရာတည်းတွင် အမျိုးသမီးများအား ဝန်ဆောင်မှုပေးခြင်း One Stop Women Support Centre-OSWSCနှင့် လူ့အခွင့်အရေးဆိုင်ရာ ဘာသာရပ်တို့ဖြစ်ပါကြောင်း အမှာစကား ပြောကြားခဲ့ပါသည်။

သင်တန်းသို့ ဌာနဆိုင်ရာအသီးသီးနှင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်တို့မှ သင်တန်းသား/သူ (၅၀)ဦး ပါဝင်တက်ရောက်ခဲ့ကြကြောင်း၊ သင်တန်းကာလမှာ ၉.၁၁.၂၀၂၂ ရက်နေ့မှ ၁၀.၁၁.၂၀၂၂ ရက်နေ့ထိ (၂) ရက်တာ ဖြစ်ပါကြောင်းနှင့် ကျန်ဌာန/ အဖွဲ့အစည်း များမှ သင်တန်းနည်းပြများကလည်း သက်ဆိုင်ရာ ဘာသာရပ်များအလိုက် ဆွေးနွေးပို့ချခဲ့ပါကြောင်းသတင်းရရှိပါသည်။

## အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆) ရက်တာလှုပ်ရှားမှု အထိမ်းအမှတ် အခမ်းအနား ကျင်းပ




နိုဝင်ဘာလ ၂၅၊ နေပြည်တော်

အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆)ရက်တာလှုပ်ရှားမှု အထိမ်းအမှတ် အခမ်းအနားကို ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ(၂၅)ရက်နေ့၊ နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ စုပေါင်းခန်းမ၌ Hybrid ပုံစံဖြင့် ကျင်းပပြုလုပ်ခဲ့ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက မိန့်ခွန်းပြောကြားရာတွင် နှစ်စဉ် နိုဝင်ဘာလ ၂၅ ရက်နေ့မှ ဒီဇင်ဘာလ ၁၀ ရက်နေ့အတွင်း ကာလသည် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက် တာလှုပ်ရှားမှု ကာလဖြစ်ပါကြောင်း၊ ၁၆ ရက်တာ လှုပ်ရှားမှုများ ဆောင်ရွက်ရခြင်း ရည်ရွယ်ချက်မှာ ကျား၊မ အခြေပြု အကြမ်းဖက်မှုပပျောက်ရေးအတွက် အသိအမြင်ကျယ်လာပြီး အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် အကြမ်းဖက်မှုမှ ပပျောက်စေရေး လုပ်ငန်းများကို တိုးမြှင့်

ဆောင်ရွက်လာနိုင်ဖို့ ဖြစ်ပါကြောင်း၊ ၂၀၂၂ ခုနှစ်အတွက် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာလှုပ်ရှားမှု အထိမ်းအမှတ်ဆောင်ပုဒ်မှာ "UNiTE! Activism To End Violence against Women & Girls": "အမျိုးသမီးများအပေါ် အကြမ်းဖက်မှု အဆုံးသတ်ရေး အားလုံးပေါင်းစု လှုပ်ရှားပေး" ဖြစ်ပါကြောင်း၊ ၂၀၂၀ ပြည့်နှစ်တွင် ကမ္ဘာ့နိုင်ငံများ၌ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားစဉ်ကာလအတွင်း အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများ ဖြစ်ပွားမှုနှုန်းမှာ ပိုမိုများပြားလာသည်ကို လေ့လာတွေ့ရှိချက်များအရ သိရှိရပါကြောင်း၊ မြန်မာနိုင်ငံသည် "ကျားမ တန်းတူညီမျှမှု ရရှိရေးနှင့် အမျိုးသမီးများ၊ အမျိုးသမီးငယ်များအားလုံး စွမ်းပကား တိုးမြှင့်စေရေး" ဆိုသည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင် နံပါတ် (၅) ၊ အမျိုးသမီးများအား နည်းမျိုးစုံဖြင့်ခွဲခြားမှု ပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း UNCEDAW ၏ အကြံပြုချက်များ၊ ဘေဂျင်းကြေညာစာတမ်းပါ လုပ်ငန်းများ၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်များ၊ ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကြေညာချက်နှင့် အာဆီယံဒေသတွင်း အမျိုးသမီးနှင့် ကလေးသူငယ်များအပေါ် အကြမ်းဖက်မှုပပျောက်ရေး လုပ်ငန်းများအား ပါဝင်ဆောင်ရွက်လျက် ရှိပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကို သတင်းပို့ တိုင်ကြားနိုင်ရန် (၂၄) နာရီ Helpline တယ်လီဖုန်း နံပါတ်"1566" ဖြင့် ဝန်ဆောင်မှုပေးခြင်း၊ Viber, Facebook Page Messenger များ တည်ထောင်ထားခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် အကြမ်းဖက်ခံရသူများကို တရားရင်ဆိုင် ခရီးစရိတ်နဲ့ အသက်မွေးဝမ်းကျောင်း စရိတ် ထောက်ပံ့ပေးခြင်း၊ လုံခြုံရေးအတွက် နားခိုရာနေရာများအဖြစ် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ လားရှိုး၊ လွိုင်ကော်၊ မုံရွာမြို့နဲ့ စစ်တွေမြို့ စသည့် နေရာ(၇)ခုမှာ One Stop Women Support Center-OSWSC) များကို ဖွင့်လှစ်ထားရှိခြင်း၊ အခြားသော ဝန်ဆောင်မှုများရရှိနိုင်ရေး ညွှန်းပို့ချိတ်ဆက်ပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများ ဖယ်ရှားပပျောက်စေရန်အတွက် အစိုးရကချည်းဆောင်ရွက်နေ၍မရဘဲပြည်တွင်း၊ ပြည်ပ အစိုးရအဖွဲ့အစည်းများ၊ အရပ်ဖက်အဖွဲ့အစည်းများနှင့် အားလုံးအတူတကွ ပူးပေါင်း ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း တိုက်တွန်းပြောကြားခဲ့ပါသည်။

ဆက်လက်၍ အခမ်းအနားကို ကျင်းပခဲ့ရာ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပပျောက်ရေး ဆောင်းပါးပြိုင်ပွဲမှ ဆုရရှိသူများအား ဆုချီးမြှင့်ခြင်း၊ အသိပညာပေး Video Clip ပြသခြင်းနှင့် Physical Fitness Dance ဖြင့် ကပြဖျော်ဖြေခြင်းတို့ ဆောင်ရွက်ခဲ့ကြပါသည်။

အဆိုပါအခမ်းအနားသို့ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်အဖွဲ့ဝင်၊ နေပြည်တော်ပြည်ထောင်စုနယ်မြေ အမျိုးသမီး ကော်မတီနဲ့ တိုင်းဒေသကြီး/ပြည်နယ် အမျိုးသမီးကော်မတီ ဥက္ကဋ္ဌများ၊ အမြဲတမ်းအတွင်းဝန်များ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဝင်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြား ရေးမှူးချုပ်များ၊ အစိုးရဌာနများနဲ့ အဖွဲ့အစည်း အသီးသီးမှ တာဝန်ရှိသူများ စုစုပေါင်း (၁၁၆) ဦး In person ဖြင့် တက်ရောက်ခဲ့ကြပါသည်။

## လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများ၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ၊ ပရဟိတဂေဟာများမှ ကိုယ်စားလှယ်များနှင့်တွေ့ဆုံ၊ မသန်စွမ်းသူမှတ်ပုံတင်လက်မှတ်နှင့် ထောက်ပံ့ကြေးပေးအပ်ခြင်းများဆောင်ရွက်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ၂၆-၁၁-၂၀၂၂ ရက်နေ့ မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးဆောင်သော တာဝန်ရှိသူများနှင့်အတူ တောင်ကြီးမြို့ အခြေစိုက်စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများ ပရဟိတဂေဟာများမှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံခဲ့ပါသည်။ ထို့သို့ တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာန အနေဖြင့် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်း

များ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ အနေဖြင့်လည်း လူမှုအသိုက်အဝန်းရှိ ထိခိုက်လွယ်အုပ်စုများကို ကူညီစောင့်ရှောက် ပေးနေသည့်အတွက် ကျေးဇူးတင်အသိ အမှတ်ပြုပါကြောင်း၊ ဝန်ကြီးဌာနနှင့် စေတနာ့ဝန်ထမ်းများပူးပေါင်း ဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းအောင်မြင်ခဲ့သော သာဓကကောင်းများရှိခဲ့ပြီး ဆက်လက်ဆောင်ရွက်မည့် မသန်စွမ်းသူများ မှတ်ပုံတင်ရေးလုပ်ငန်းတွင်လည်း ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း ပြောကြားခဲ့ပါသည်။



၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၂၆/၂၇ ရက်၊ တောင်ကြီးမြို့

ဆက်လက်၍ ရှမ်းပြည်နယ် ဝန်ကြီးချုပ်မှ ကျေးဇူးတင် စကားပြန်လည်ပြောကြားခဲ့ပြီး တက်ရောက်လာသည့် စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက အဖွဲ့အစည်း အလိုက်ဆောင်ရွက်လျက်ရှိသော ပရဟိတလုပ်ငန်းများအား ရှင်းလင်းခြင်း၊ မသန်စွမ်းမှုအဆင့် သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများ မှတ်ပုံတင်ရေးလုပ်ငန်းများကို ပူးပေါင်းပါဝင် ဆောင်ရွက်ပေးနိုင်မည့်အခြေအနေများနှင့် လိုအပ်ချက် အခက်အခဲများကိုတင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က တင်ပြချက်များအား ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြပါသည်။

အလားတူ ၂၇-၁၁-၂၀၂၂ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်ဦးဆောင်သော တာဝန်ရှိသူများသည် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့ရှိ နောင်တောင်းပရဟိတတပ်ဦး ကျောင်းတိုက်သို့ ရောက်ရှိပြီး ကျောင်းတိုက်ဆရာတော် သာသနဓဇဓမ္မာစရိယ ဘဒ္ဒန္တရာဇိန္ဒသီရိအား ဖူးမျှော်ကြည်ညိုကာ ကာကွယ်စောင့်ရှောက်ရန်လိုအပ်သော ကလေးသူငယ်များအတွက် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှု အခြေအနေများ ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးရမည့်အချက်များအား လျှောက်ထားကာ သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကာ ကျောင်းတိုက်ရှိ ပညာသင်ယူလျက်ရှိသော ကျောင်းသား/သူများအား တွေ့ဆုံအားပေးခဲ့ကြပါသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သော မသန်စွမ်းသူများ မှတ်ပုံတင်လက်မှတ်နှင့် ထောက်ပံ့ငွေပေးအပ်ခြင်း အခမ်းအနားသို့ တက်ရောက် ခဲ့ကြပါသည်။ အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းလုပ်ငန်း Pilot Project အဖြစ် ဟိုပုံးမြို့နယ်တွင် ဆောင်ရွက်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့ရာ ပြည်နယ်ဝန်ကြီးချုပ်ကလည်း ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ပါသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးတို့က တက်ရောက်လာသည့် မသန်စွမ်းသူများအတွက် မသန်စွမ်းမှတ်ပုံတင် လက်မှတ်များနှင့် ထောက်ပံ့ကြေးငွေများပေးအပ်ခဲ့ကြပြီး တစ်ဦးလျှင် (၃၀,၀၀၀/-)ကျပ်နှုန်းဖြင့် ဟိုပုံးမြို့နယ်အတွင်းရှိ မသန်စွမ်းသူစုစုပေါင်း (၁၀၀)ဦးအတွက် ထောက်ပံ့ကြေးငွေကျပ်(၃,၀၀၀,၀၀၀/-)တို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြပါသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး လိုက်ပါလျက် တောင်ကြီးမြို့ ဘုရားဖြူရပ်ကွက်ရှိ သူငယ်တော်ယေဖူး ပရဟိတ ကျောင်းသို့ ရောက်ရှိရာ ဂေဟာအုပ်ချုပ်ရေးမှူးက မသန်စွမ်းနှင့် ကာကွယ်စောင့်ရှောက်ရန်လိုအပ်သည့် ကလေးသူငယ်များအား ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးနေမှု အခြေအနေများအား ရှင်းလင်းတင်ပြရာ တာဝန်ရှိသူများက လိုအပ်ချက်များအား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ ကြပါသည်။ ထို့နောက် အဆိုပါ လူမှုဝန်ထမ်းဦးစီးဌာနအသိအမှတ်ပြု ဒုတိယအဆင့်ဖြစ်သည့် အဆိုပါ ပရဟိတကျောင်းအတွင်း စားသောက်နေထိုင်မှု အခြေအနေများအား လှည့်လည်ကြည့်ရှုကာ ကလေးသူငယ်များအား တွေ့ဆုံနှုတ်ဆက်အားပေးခဲ့ပါသည်။

# လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် တရုတ်နိုင်ငံသံရုံးမှတာဝန်ရှိသူများ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်ဖြင့် အကောင်အထည်ဖော်ခဲ့သည့် သိုလှောင်ရုံနှင့် အသိပညာပေးစင်တာဖွင့်ပွဲအခမ်းအနားသို့တက်ရောက်



၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်နေ့၊ ပင်းတယမြို့ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအထူး ရန်ပုံငွေ (၂၀၂၁)ဖြင့် အကောင်အထည်ဖော်ခဲ့သည့် ပင်းတယမြို့နယ်၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာန သိုလှောင်ရုံနှင့် အသိပညာပေး စင်တာဖွင့်ပွဲ အခမ်းအနားကို (၂၈-၁၁-၂၀၂၂)ရက်နေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ်၊ ပင်းတယမြို့ရှိ အဆိုပါနေရာ၌ ကျင်းပ ပြုလုပ်ခဲ့ရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဒေါက်တာသက်သက်ခိုင်၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ်၊ ဒေါက်တာကျော်ထွန်း၊ ရှမ်းပြည်နယ်အစိုးရ အဖွဲ့ဝင် ဝန်ကြီးများ၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသစီမံအုပ်ချုပ် ရေးအဖွဲ့ဥက္ကဋ္ဌ၊ ဦးအာကာလင်းနှင့် အဖွဲ့ဝင်များ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ပူးပေါင်းညှိနှိုင်းရေးအဖွဲ့ (မြန်မာ)ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်၊ ဦးဝင်းဇေယျာထွန်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံသံရုံးမှ သံမှူးကြီး ဒေါက်တာဇမ်ဇီဟုမ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ ပထမဦးစွာ သိုလှောင်ရုံနှင့် အသိပညာပေးစင်တာကို ပြည်ထောင်စု ဝန်ကြီး၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ သံမှူးကြီး ဒေါက်တာဇမ်ဇီဟုမ်၊ ဓနုကိုယ်ပိုင် အုပ်ချုပ် ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ဦးအာကာလင်း တို့မှ ဖဲကြိုးဖြတ်ဖွင့်လှစ် ပေးခဲ့ကြ ပါသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ တရုတ်နိုင်ငံသံမှူးကြီး ဒေါက်တာဇမ်ဇီဟုမ်၊ မဲခေါင်-လန်ချန်း ပူးပေါင်း ဆောင်ရွက်မှု ပူးပေါင်းညှိနှိုင်းရေးအဖွဲ့ (မြန်မာ) ဒုတိယဥက္ကဋ္ဌ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဦးဝင်းဇေယျာထွန်းတို့မှ မြို့နယ်သိုလှောင်ရုံနှင့် အသိ ပညာပေးစင်တာ ရုံးဆိုင်းဘုတ်အား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးခဲ့ကြပါသည်။ ဆက်လက်၍ ဧည့်သည်တော် များနှင့် ဌာနဆိုင်ရာ အရာရှိကြီးများမှ ကမ္ဗည်းမှတ်တမ်း (ကြေးပြား)အား အမွှေးနံ့သာရည်များ ပက်ဖြန်းပြီး မှတ်တမ်းတင် ဓါတ်ပုံရိုက်ကူးခြင်းများ ဆောင်ရွက်ခဲ့ကြ ပါသည်။ ဆက်လက်၍ ဖွင့်ပွဲ အခမ်းအနားဒုတိယပိုင်းကို ဆက်လက် ကျင်းပခဲ့ရာ ပြည်ထောင်စုဝန်ကြီး၊ ဒေါက်တာသက်သက်ခိုင်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ဒေါက်တာကျော်ထွန်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံသံရုံးမှ သံမှူးကြီး ဒေါက်တာဇမ်ဇီဟုမ်၊ မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု ပူးပေါင်းညှိနှိုင်းရေး အဖွဲ့ (မြန်မာ)ဒုတိယဥက္ကဋ္ဌ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဦးဝင်းဇေယျာထွန်းတို့မှ အမှာစကားများ အသီးသီး ပြောကြားခဲ့ကြသည်။ ဆက်လက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချ ထားရေးဝန်ကြီးဌာန နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးတို့က အမှတ်တရ လက်ဆောင်များ အပြန်အလှန် ပေးအပ်ခဲ့ကြပါသည်။ ထို့နောက်ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ၊ ဦးအာကာလင်းမှ ကျေးဇူးတင်စကား ပြောကြားခဲ့ကာ အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းခဲ့ကြပါသည်။

ဆက်လက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ်၊ ဒေါက်တာကျော်ထွန်း တို့သည် ဒေသစီမံ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ဦးအာကာလင်းနှင့်အတူ တာဝန်ရှိသူများ လိုက်ပါလျက် လူမှုဝန်ထမ်းဦးစီးဌာနမှ ဖွင့်လှစ်ထားသော ပင်းတယမြို့၊ မူလတန်းကြိုကျောင်းသို့ ရောက်ရှိကြရာ ပြည်နယ်လူမှုဝန်ထမ်း ဦးစီးမှူးနှင့်

တာဝန်ခံကျောင်းအုပ်တို့က ကလေး(၁၀၀)ဦး လက်ခံ သင်ကြား ပေးနေမှုအခြေအနေများကို ရှင်းလင်းတင်ပြ ခဲ့ရာ ပြည်ထောင်စုဝန်ကြီးက တက်ရောက်နေသော ကလေးငယ်များ၏ ဉာဏစွမ်းရည် တိုးတက်စေရန် လေ့ကျင့်နေမှုအခြေအနေများကို ရင်းနှီးနွေး ထွေးစွာ ကြည့်ရှုအားပေးခဲ့ပြီး ကလေးများအတွက် ဖြည့်စွက်စာ အာဟာရဖြစ်စေရန် မုန့်များ ကျွေးမွေးခဲ့ပြီး မူလတန်းကြို ကျောင်းအုပ်နှင့်ဆရာမများအားကလေးများမူကြိုကျောင်း တွင် ပျော်ရွှင်စွာနေထိုင်ရေး ဂရုပြုဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားခဲ့ပါသည်။

## ၂၁.၁၁.၂၀၂၂ ရက်နေ့မှ ၂၄.၁၁.၂၀၂၂ ရက်နေ့အထိ ကျင်းပခဲ့သော အာဆီယံဒေသတွင်း အမျိုးသမီးများ အားနည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုပပျောက်ရေးဆိုင်ရာကွန်ဗင်းရှင်းနှင့် ကလေးသူငယ်အခွင့်အရေးများ ဆိုင်ရာကုလသမဂ္ဂညီလာခံ သဘောတူညီချက် အကြံပြုချက်များအတွက် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်

ဗီယက်နမ်နိုင်ငံ၊ အလုပ်သမား၊ တရားမဝင်သူ နေထိုင်သူများနှင့် လူမှုရေးဝန်ကြီးဌာနသည် အာဆီယံ အတွင်းရေးမှူးချုပ်ရုံးနှင့်ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးတို့နှင့် ပူးပေါင်း၍ အာဆီယံ ဒေသတွင်း အမျိုးသမီးများအား နည်းမျိုးစုံဖြင့်ခွဲခြား ဆက်ဆံမှု ပပျောက်ရေးဆိုင်ရာ ကွန်ဗင်းရှင်းနှင့် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ ညီလာခံ သဘော တူညီချက် အကြံပြုချက်များအတွက် အလုပ်ရုံ ဆွေးနွေးပွဲ ကို ဗီယက်နမ်နိုင်ငံ၊ ဟနွိုင်းမြို့တွင် ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်နေ့မှ ၂၂ ရက်နေ့အထိ ကျင်းပပြုလုပ် ခဲ့ပါသည်။

အဆိုပါအလုပ်ရုံ ဆွေးနွေးပွဲသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ စန်းစန်းအေး၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ဥက္ကဋ္ဌဒေါက်တာသက်သက်ဇင်၊ ဥပဒေရေးရာဝန်ကြီးဌာန၊ ဥပဒေအကြံဉာဏ်ပေးရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာကျော်သူဟိန်းတို့ တက်ရောက်ခဲ့ကြပါသည်။

အလုပ်ရုံဆွေးနွေးပွဲတွင်အာဆီယံဒေသအတွင်းအမျိုးသမီး များနှင့် ကလေးသူငယ်များ အားလုံးအတွက် တရားဝင် အထောက်အထား ရရှိခြင်းနှင့် နိုင်ငံသားပြုခြင်းဆိုင်ရာ အခွင့်အရေးများ မြှင့်တင်ပေးနိုင်ရေး၊ အာဆီယံဒေသ အတွင်း အမျိုးသမီးများနှင့် ကလေးများ၏ အခွင့်အရေး များ ကာကွယ်စောင့်ရှောက်နိုင်ရေးတို့အတွက် အာဆီယံ အမျိုးသမီးများနှင့် ကလေးသူငယ်များ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးနှင့်မြှင့်တင်ရေး ကော်မရှင်နှင့် အာဆီယံနိုင်ငံများ၏ ကြိုးပမ်းဆောင်ရွက်မှုများ၊ စိန်ခေါ်မှု နှင့် ဆက်လက်ဆောင်ရွက်သင့်သည်များကို ဆွေးနွေး မျှဝေခဲ့ကြပါသည်။

## ၂၃-၁၁-၂၀၂၂ ရက်နေ့မှ ၂၄-၁၁-၂၀၂၂ရက်နေ့ထိ ဗီယက်နမ်နိုင်ငံ၊ ဟနွိုင်းမြို့တွင် ကျင်းပပြုလုပ်ခဲ့သည့် Special ACWC-ACW Consultation Meeting on Gender Mainstreaming in ASEAN and the First Meeting of the ASEAN Gender Mainstreaming Stering Committee (AGMSC) အစည်းအဝေးသို့တက်ရောက်

ဗီယက်နမ်နိုင်ငံ၊ ဟနွိုင်းမြို့တွင် ၂၃-၁၁-၂၀၂၂ ရက်နေ့မှ ၂၄-၁၁-၂၀၂၂ ရက်နေ့ထိ ကျင်းပပြုလုပ်ခဲ့သည့် ကဏ္ဍပေါင်းစုံ၌ ကျား၊ မ ရေးရာအမြင် ထည့်သွင်း စဉ်းစားခြင်းဆိုင်ရာ အာဆီယံအမျိုးသမီးများနှင့် ကလေး သူငယ်အခွင့်အရေးများ ကာကွယ် စောင့်ရှောက်ရေးနှင့် မြှင့်တင်ရေးကော်မရှင်(The ASEAN Commission on the Promotion and Protection of the Rights of Women and Children –ACWC)၊ အာဆီယံ အမျိုးသမီး ရေးရာကော်မတီ (The ASEAN Committee on the Women-ACW) ညှိနှိုင်းအစည်းအဝေးနှင့် အာဆီယံ ဒေသတွင်း ကျား၊ မ ရေးရာထည့်သွင်းစဉ်းစားခြင်းဆိုင်ရာ ဦးဆောင်ကော်မတီ ASEAN Gender Mainstreaming Steering Committee (AGMSC) ပထမအကြိမ် အစည်းအဝေးများသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဒေါက်တာစန်းစန်းအေး

နှင့် ဘာသာရပ်ဆိုင်ရာ ကိုယ်စားလှယ်(၁)ဦး၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှဥက္ကဋ္ဌဒေါက်တာသက်သက်ဇင်တို့ ပါဝင်တက်ရောက်ခဲ့ကြပါသည်။

အစည်းအဝေးတွင် ASEAN Gender Mainstreaming Strategic Frame Work (AGMSF) (2021-2025) အကောင်အထည်ဖော်နိုင်ရေးနှင့် ပတ်သက် ၍ အာဆီယံ (၁၀)နိုင်ငံမှ ကိုယ်စားလှယ် များမှ အုပ်စုခွဲ၍ အကြံပြုဆွေးနွေးခြင်း၊ ASEAN Gender Mainstreaming Sterring Committee (AGMSF)ဖွဲ့စည်းနိုင်ရေး Term of Reference (TOR)ကိုအတည်ပြုဆွေးနွေးခြင်းနှင့် AGMSF အားအာဆီယံနိုင်ငံများအလိုက်ဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်များသတ်မှတ်ဖော်ထုတ်ဆွေးနွေးခဲ့ကြပါသည်။

## လူမှုကာကွယ်စောင့်ရှောက်ရေး - စာရွက်မှတ်တမ်းမှသည် ဒစ်ဂျစ်တယ်စနစ်ဆီသို့...............

**စန်းစန်းအေး(ကျန်းမာရေးဘောဂဗေဒ)**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် “လူ့ဂုဏ် သိက္ခာအပြည့်အဝရရှိနိုင်မည့် လူမှုအသိုက်အဝန်းတစ်ရပ် ပေါ်ပေါက်လာစေရေးနှင့် အားလုံးအကျုံးဝင်ပြီး ရေရှည်တည်တံ့မှုရှိသည့် လူမှုကာကွယ်စောင့်ရှောက်ရေး နည်းလမ်းများဖြင့် ပြည်သူလူထု လွတ်လပ်လုံခြုံစွာ ဖွံ့ဖြိုးတိုးတက်စေရေး” မူဝါဒနှင့်အညီ ပြည်သူလူထုအတွင်း ထိရောက်သော လူမှုရေးပိုင်းဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများနှင့် ဝန်ဆောင်မှုများကို စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို စနစ်တစ်ခုတည် ဆောက်ပြီး ဆောင်ရွက်နိုင်ရေးအတွက် ၂၀၁၄ခုနှစ်ကတည်းက “မြန်မာနိုင်ငံ၏ လူမှုကာကွယ်စောင့်ရှောက်ရေး အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်”ကို နိုင်ငံတော်သမ္မတကြီး ကိုယ်တိုင်ဥယျာဇဉ် တွင်လက်မှတ်ရေးထိုးပြီး ထုတ်ပြန်ထားပါတယ်။ ၂၀၁၂ခုနှစ်မှာ ကျင်းပခဲ့တဲ့ အမျိုးသားလူမှုကာကွယ် စောင့်ရှောက်ရေး ဖိုရမ်ဆွေးနွေးပွဲမှာလည်း နိုင်ငံတော်သမ္မတကြီးက “ပြုပြင်ပြောင်းလဲမှုများ အလျင်အမြန် ဆောင်ရွက်စဉ် လူမှုကာကွယ်စောင့်ရှောက်ရေးကို အားဖြည့်ပေးခြင်းဖြင့် သာတူညီမျှမှုနှင့် သဟဇာတဖြစ်မှု ထွန်းကားသော မြန်မာ့လူ့ဘောင်တစ်ရပ်ကို တစ်စုတစ်ပေါင်းတည်းတည်ဆောက်နိုင်မယ်လို့ အခိုင်အမာယုံကြည်ပါကြောင်း” မိန့်ခွန်းတွင်ထည့်သွင်း ပြောကြားခဲ့ပါတယ်။

မြန်မာနိုင်ငံ၏ လူမှုကာကွယ်စောင့်ရှောက်ရေး အမျိုးသားအဆင့်မဟာဗျူဟာ စီမံချက်မှာ အဓိကလုပ်ငန်း (Flag Ship Program) (၈) ရပ်ပါဝင်ပြီး အားလုံးအကျုံးဝင်စေသော ချဉ်းကပ်မှု (Universal approach) နှင့် ဆောင်ရွက်ရန်ရေးဆွဲထားရှိပါတယ်။

လူမှုကာကွယ်စောင့်ရှောက်ရေး အဓိကလုပ်ငန်း (၈) ရပ်မှာ-

(၁) ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှမွေးဖွားလာသော အသက် (၂) နှစ်အောက် ကလေးသူငယ်များကို ထောက်ပံ့ငွေပေးအပ်ခြင်း (ကလေးဘဝအစရက် (၁၀၀၀) အတွင်း အာဟာရ ပြည့်ဝစေရန် ထောက်ပံ့ခြင်း)၊

(၂) အသက် (၃) နှစ်မှ (၁၅) နှစ်အထိ ကလေးသူငယ်များကို ထောက်ပံ့ခြင်း၊

(၃) မသန်စွမ်းသူများအတွက် ထောက်ပံ့ငွေ ပေးအပ်ခြင်း၊

(၄) ကျောင်းတွင်း အာဟာရကျွေးမွေးသောအစီအစဉ်များဆောင်ရွက်ခြင်း၊

(၅) အများပြည်သူအလုပ်အကိုင်ရရှိရေးနှင့် အသက်မွေးဝမ်းကျောင်း ပညာရေး အစီအစဉ်များဆောင်ရွက်ခြင်း၊

(၆) လူမှုရေးပင်စင်အစီအစဉ် ဆောင်ရွက်ခြင်း၊

(၇) သက်ကြီးသူချင်း ကူညီစောင့်ရှောက်ရေး အဖွဲ့များအား ထောက်ပံ့ခြင်း၊

(၈) ဘက်စုံ လူမှုကာကွယ် စောင့်ရှောက်ရေး ဝန်ဆောင်မှုတို့ဖြစ်ပါတယ်။

မဟာဗျူဟာစီမံချက်ပါ အဓိကလုပ်ငန်းများကို အဆင့်အလိုက် အကောင်အထည် ဖော်သွားခြင်းဖြင့် ပြည်သူလူထုအတွင်း ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ သာတူညီမျှဖြစ်ရေး၊ လူမှုသဟဇာတ ဖြစ်ရေးစတဲ့ အပေါင်း

လက္ခဏာဆောင်သည့် တိုးတက်မှုများ ရေရှည်မှာ ရရှိလာနိုင်မှာ ဖြစ်ပါတယ်။

ဖော်ပြပါ လုပ်ငန်း(၈)ရပ်အနက် ဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် လူမှုဝန်ထမ်းဦးစီးဌာနက အမှတ်စဉ် (၁)၊ (၆)၊ (၇) နှင့် (၈)တို့ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

ကဏ္ဍ(၄)ရပ်အနက် လူမှုရေးပိုင်းဆိုင်ရာ ရင်းနှီးမြှပ်နှံခြင်းအတွက် ငွေကြေးထောက်ပံ့ခြင်း ကဏ္ဍ(၂)ရပ်ဖြစ်သော အမှတ်စဉ် (၁)နှင့်(၆)၊ ဘက်စုံလူမှုကာကွယ်စောင့်ရှောက်ရေး ဝန်ဆောင်မှု အဖြစ်လူမှုဖြစ်ရပ် စီမံခန့်ခွဲမှုစနစ်တည်ထောင်ရေးကဏ္ဍတို့အတွက်စာရွက်မှတ်တမ်းများ ထိန်းသိမ်းခြင်း၊ လွှဲပြောင်းခြင်း၊ လူပုဂ္ဂိုလ်များ၏ ကိုယ်ရေးအချက်အလက်များဖြစ်၍ လုံခြုံစွာထိန်းသိမ်းရန်လိုအပ်ခြင်း၊ သတင်းအချက်အလက်များခွဲခြမ်းစိတ်ဖြာ၍ မူဝါဒပိုင်းဆိုင်ရာ အကြံပြုချက်များနှင့် တိကျသော ကိန်းဂဏန်းအချက်အလက်အပေါ် အခြေခံ၍ သုတေသနပြုခြင်းများကို ဆောင်ရွက်ရန် လည်းလိုအပ်လျက်ရှိပါတယ်။ လူမှုသတင်းအချက်အလက် စီမံခန့်ခွဲမှုစနစ် (Social Management Information System-SMIS)ကို ၂၀၁၇ ခုနှစ်တွင် Microsoft Excel ဖြင့်သာ ထည့်သွင်း၍ စီမံခန့်ခွဲမှု များဆောင်ရွက်ခဲ့ပါသည်။ စနစ်၏ အစတွင် ငွေကြေးထောက်ပံ့မှုပေးခြင်းကဏ္ဍ (၂) ရပ်အတွက် အကျိုးခံစားခွင့်ရှိသူ ဦးရေမှာ (၅၀,၀၀၀)ဦးခန့်သာရှိသော်လည်း ၂၀၂၂ခုနှစ်တွင် အကျိုးခံစားခွင့်ရှိ သူဦးမှာ (၇၀၀,၀၀၀) နီးပါးခန့် ရှိလာပါ၍ SMIS Software ရေးဆွဲပြီး သတင်း အချက်အလက်များစကို စနစ်တကျ စီမံခန့်ခွဲရန် လိုအပ်လျက်ရှိပါတယ်။ ထိုနည်းတူစွာ လူမှုဖြစ်ရပ် စီမံခန့်ခွဲမှုတွင်လည်း ဖြစ်ရပ်အရေအတွက်များမှာ အစပိုင်းတွင် (၅၀၀)ဦး ခန့်သာရှိရာမှ ၂၀၂၂ ခုနှစ်တွင် (၅၀၀၀) ဦးကျော် အထိရှိလာပါ၍ SMIS စနစ်၏ အောက်တွင် Case Mangement Information System – CMIS ကိုလည်း Software ရေးဆွဲပြီး Digital စနစ်သို့ ကူးပြောင်းရန် လိုအပ်လျက်ရှိပါတယ်။

သို့ပါ၍ တပ်မတော်သတင်းနည်းပညာဌာနက ပညာရှင်များ၏ နည်းပညာပိုင်းဆိုင်ရာပံ့ပိုး မှုဖြင့် SMIS Software ရေးသားခြင်းကို ၂၀၂၂ခုနှစ်၊ ဇန်နဝါရီလမှ စတင်၍ ရေးသားခဲ့ရာ ယခုအခါ လူမှုဖြစ်ရပ်စီမံခန့်ခွဲမှု သတင်းအချက်အလက်စနစ် (CMIS) Software ကို စမ်းသပ် အသုံးပြုနေပြီဖြစ်ပါတယ်။ တစ်ချိန်တည်းမှာပဲ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ပေးအပ်လျက်ရှိသော လူမှုရေးပင်စင် နှင့်တိုင်းဒေသကြီးနှင့် ပြည်နယ် (၇) ခုတို့တွင်ပေးအပ်လျက်ရှိသော ကိုယ်ဝန်ဆောင် မိခင်များနှင့် ၎င်းတို့မှမွေးဖွားလာသောအသက်(၂)နှစ်အောက် ကလေးသူငယ်များအား ထောက်ပံ့ပေးခြင်း အစီအစဉ်(၂)ရပ်အတွက်လည်း Software များကို ရေးဆွဲလျက်ရှိပါတယ်။

၂၀၂၂ ခုနှစ်၊ စက်တင်ဘာလတွင် တပ်မတော်သတင်းနည်းပညာဌာန ပညာရှင်များနှင့် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် တာဝန်ရှိသူတို့က အာရှနှင့်သမုဒ္ဒရာဒေသရှိ သတင်းအချက်အလက် နည်းပညာဆိုင်ရာ အသင်းချုပ် (Asian Oceanian Computing Industry Organization -ASOCIO) က ASOCIO အဖွဲ့ဝင်နိုင်ငံများတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော နည်းပညာအသုံးပြု ပြည်သူ့အကျိုးပြုလုပ်ငန်းများ ပါဝင်ယှဉ်ပြိုင်နိုင်ပါကြောင်း အကြောင်းကြားလာပါတယ်။ ASOCIO သည် ၂၀၁၄ ခုနှစ်တွင် Digital Government Award အပါအဝင်ဆု အမျိုးအစား (၃)မျိုးကိုသာ ပေးခဲ့သော်လည်း ၂၀၂၂ ခုနှစ်တွင် ASOCIO Digital Government Award အပါအဝင် ဆုအမျိုးအစား (၈) မျိုးကို ပါဝင်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်ခဲ့ပါတယ်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက တပ်မတော် သတင်းနည်းပညာဌာနနှင့် မြန်မာနိုင်ငံကွန်ပျူတာ အသင်းချုပ်တို့၏ ပံ့ပိုးကူညီမှုဖြင့် နိုင်ငံအတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော နည်းပညာအသုံးပြု ပြည်သူ့အကျိုးပြုလုပ်ငန်း တစ်ရပ်ဖြစ်သည့် "လူမှုဖြစ်ရပ်စီမံခန့်ခွဲမှုစနစ် - Case Management Information System-CMIS" ကိုပါဝင်ယှဉ်ပြိုင်ခဲ့ရာ ASOCIO Digital Government Award ကို ၂၀၂၂ခုနှစ်၊ အောက်တိုဘာလ (၂၈) ရက်နေ့တွင် ရရှိခဲ့ပါတယ်။

CMIS ကို Software Platformအဖြစ် အသွင်ကူးပြောင်း ဆောင်ရွက်မှာဖြစ်တဲ့အတွက် လူမှုဖြစ်ရပ်စီမံခန့်ခွဲမှုအစီအစဉ်မှာ ကာကွယ်စောင့်ရှောက်ရန်လိုအပ်သောကလေးသူငယ်များ၊ ဥပဒေနှင့် ငြိစွန်းလျက်

ရှိသော ကလေးသူငယ်များ၊ ရုပ်ပိုင်းဆိုင်ရာနှင့် လိင်ပိုင်းဆိုင်ရာ အလွဲသုံးစားပြုခြင်း ခံရသူ ကလေးသူငယ်များ၊ ကျား/မ အခြေပြုအကြမ်းဖက်မှုဆိုင်ရာ ကိစ္စရပ်များ၊ လူကုန်ကူး ခံရသူ ကလေးသူငယ်များနှင့် အမျိုးသမီးများ၏ ဖြစ်ရပ်များအား ယခင်က စာရွက်မှတ်တမ်းသာ သိမ်းဆည်း ရာမှ ယခုအခါ Digital မှတ်တမ်းကိုပါ သိမ်းဆည်းပြီး Digital စနစ်သို့ တဖြည်းဖြည်း ကူးပြောင်းသွားမှာဖြစ်ပါတယ်။

Digital Platform ကိုပြောင်းလဲအသုံးပြုခြင်းဖြင့် လူမှုဖြစ်ရပ်စီမံခန့်ခွဲမှုစနစ်ပါ လုပ်ငန်းစဉ်များကို စနစ်တကျဆောင်ရွက်နိုင်ပြီး ဖြစ်ရပ်များကို အစိုးရ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများအကြား လွှဲပြောင်းချိတ်ဆက်နိုင်မှာ ဖြစ်သည့်အပြင် ဖြစ်ရပ်အလိုက် မှတ်တမ်းတင်နိုင်ခြင်း၊ အချိန်နှင့်တစ်ပြေးညီ ကာကွယ်စောင့်ရှောက်နိုင်ခြင်း၊ အချက်အလက်များကို စနစ်တကျ ခွဲခြမ်းစိတ်ဖြာနိုင်ပြီး အချက်အလက် (Data)မှ သတင်းအချက်အလက်(Information) သို့လည်းကောင်း၊ ယင်းမှတစ်ဆင့်မူဝါဒ အဆိုပြုချက် (Policy input)များ အထိပေးဆောင်နိုင်ပြီး ပြည်သူလူထုအတွင်း လူမှုဝန်ဆောင်မှုများကို ထိရောက်စွာဆောင်ရွက်နိုင်မည့် အကျိုးကျေးဇူးများ ရရှိလာမှာ ဖြစ်ပါကြောင်း စာရွက်မှတ်တမ်းမှ ဒစ်ဂျစ်တယ်စနစ်သို့ ကူးပြောင်းမှု milestone ကိုမှတ်တမ်းတင်အပ်ပါတယ်။

## ၂၀၂၂ခုနှစ်၊ နိုဝင်ဘာလ(၁၅)ရက်နေ့၊ နံနက် (၁၀:၀၀) နာရီတွင် ကျင်းပသည့် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၃၂) NSPAW Phase II ရေးဆွဲ အကောင်အထည်ဖော်ရာ၌ အထောက်အကူပြုနိုင်ရေးအတွက် NSPAW Focal Person များနှင့် ညှိနှိုင်းအစည်းအဝေးကျင်းပခြင်း



လူမှုဝန်ထမ်းဦးစီးဌာနမှ ဦးစီး၍ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသား အဆင့်မဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၃၂) NSPAW Phase II ရေးဆွဲ အကောင်အထည်ဖော်ရာ၌ အထောက်အကူပြုနိုင်ရေးအတွက် NSPAW Focal Person များနှင့် ညှိနှိုင်းအစည်းအဝေးကို ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ (၁၅) ရက်နေ့၊ နံနက် (၁၀:၀၀) နာရီတွင် ကျင်းပပြုလုပ်ခဲ့ရာ လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဒေါက်တာစန်းစန်းအေးက အဖွင့်အမှာစကား ပြောကြားရာတွင် ယခုအစည်းအဝေးသည် NSPAW Phase II ရေးဆွဲရေးအတွက် အထောက်အကူပြုနိုင်ရန် ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ပါကြောင်း၊ အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်များက NSPAW Phase II ရေးဆွဲရေးအတွက် လိုအပ်သည့် အချက်အလက်များ၊ inputs များ ပံ့ပိုးပေးစေလိုပါကြောင်း၊ အဆိုပါ inputs များအပေါ် မူတည်၍ NSPAW Phase II ၏ Framework ကို သက်မှတ်သွား မည်ဖြစ်ပါကြောင်း၊ NSPAW Phase II ရေးဆွဲရေးအတွက် ဦးဆောင်ကော်မတီနှင့် လုပ်ငန်းကော်မတီများကို ဖွဲ့စည်းထားပြီးဖြစ်ပါကြောင်း၊ NSPAW ၏ သမိုင်းကြောင်းနှင့်စပ်လျဉ်း၍ ၁၉၉၅ ခုနှစ်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဘေဂျင်းမြို့မှာ ကျင်းပခဲ့သော စတုတ္ထအကြိမ်မြောက် ကမ္ဘာ့အမျိုးသမီး ညီလာခံကြီးက ချမှတ်ခဲ့သည့် လုပ်ငန်းစဉ်(၂)ရပ်အရ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ ဖွဲ့စည်းခြင်းနှင့် မဟာဗျူဟာစီမံကိန်းရေးဆွဲခြင်းတို့ကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ၂၀၁၆ ခုနှစ်တွင် NSPAW Mapping အားဆောင်ရွက်၍ နည်းပညာဆိုင်ရာလုပ်ငန်းအဖွဲ့ (၄)ဖွဲ့ ဖွဲ့စည်းပြီး နှစ်အလိုက် လုပ်ငန်းစီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ခဲ့ပါကြောင်း၊ ၂၀၂၀ ပြည့်နှစ်တွင် NSPAW Review အား ဆောင်ရွက်ပြီး ၎င်းမှရရှိသည့် အားနည်းချက်၊ အားသာချက် များအား NSPAW Phase II တွင် ထည့်သွင်းစဉ်းစားရမည် ဖြစ်ပါကြောင်း၊ NSPAW Phase II ရေးဆွဲရာတွင် indicators များ၊ မျှော်မှန်းရလဒ်များထည့်သွင်းရေးဆွဲပြီး ကျား-မ ခွဲခြားထားတဲ့

စာရင်းအင်းအချက်အလက် (Sex - disaggregated data) များထားရှိ ဆောင်ရွက် သွားရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့ ပါသည်။

ဆက်လက်၍ လူမှုဝန်ထမ်းဦးစီးဌာန၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်က အမှာစကား ပြောကြားခဲ့ပြီး ညွှန်ကြားရေးမှူးက အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း (၂၀၁၃-၂၀၂၂) အကောင် အထည်ဖော်မှုဆိုင်ရာ အားသာချက်၊ အားနည်းချက်များအား လေ့လာသုံးသပ်မှု အစီရင်ခံစာ နှင့် NSPAW Phase II ရေးဆွဲရေးလုပ်ငန်းစီမံချက်ကို ရှင်းလင်းတင်ပြ၍ တက်ရောက်လာကြသည့် ကိုယ်စား လှယ်များက မိမိတို့နှင့်သက်ဆိုင်သည့် ကဏ္ဍများအလိုက် ဆောင်ရွက်နေမှုများ၊ မျှော်မှန်းရလဒ်များအား တင်ပြ ဆွေးနွေးခဲ့ကြပါကြောင်း သတင်းရရှိပါသည်။



## အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပပျောက်ရေး (၁၆) ရက်တာ လှုပ်ရှားမှု အထိမ်းအမှတ် အကြိုလှုပ်ရှားမှုအနေဖြင့် ကျား၊ မရေးရာ (**Gender**) နှင့် ကျား၊ မ အခြေပြု အကြမ်းဖက်မှု(**Gender Based Violence**)အသိပညာပေး ဟောပြောပွဲမှတ်တမ်းနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပပျောက်ရေး (၁၆)ရက်တာလှုပ်ရှားမှုအထိမ်းအမှတ် အခမ်းအနားကျင်းပပြီးစီးမှု မှတ်တမ်း



အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပပျောက် ရေး (၁၆) ရက်တာလှုပ်ရှားမှု အထိမ်းအမှတ် အကြို လှုပ်ရှားမှုအနေဖြင့် ကျား၊ မရေးရာ (Gender) နှင့် ကျား၊ မ အခြေပြု အကြမ်းဖက်မှု(Gender Based Violence) အသိပညာပေး အစီအစဉ်ကို စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၊ ချင်းတွင်းခန်းမ၌ တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေး ဦးစီးဌာန၊ တရားဥပဒေရေးရာဦးစီးဌာန၊ ရဲတပ်ဖွဲ့ဦးစီးဌာန တို့မှ တာဝန်ရှိသူများက အသိပညာများကို ရှင်းလင်းပြောကြား ခဲ့ပါကြောင်း၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပပျောက်ရေး(၁၆)ရက်တာ လှုပ်ရှားမှု အထိမ်းအမှတ် အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်က အဖွင့်အမှာ စကားပြောကြားပြီး စစ်ကိုင်း တိုင်းဒေသကြီး၊ လူမှုဝန်ထမ်းရုံးမှ တာဝန်ရှိသူများက ရှင်းလင်း ပြောကြားခဲ့ကြောင်းနှင့် Break the Chain သီချင်းဖြင့်အမျိုး သမီးငယ်များက ကပြဖျော်ဖြေခဲ့ပြီး အမျိုးသမီးများအပေါ်အကြမ်းဖက်မှုပပျောက်ရေး Video Clip ကို ပြသခဲ့ကြောင်းသတင်းရရှိပါသည်။




မွန်ပြည်နယ်လူမှုဝန်ထမ်းရုံးမှ ကြီးမှူးပြီး မော်လ မြိုင်မြို့၊ လူမှုဝန်ထမ်းဦးစီးဌာန၊ ပြည်နယ် လူမှုဝန်ထမ်း ရုံးခန်းမ၌ Gender/ CEDAW/ NSPAW နှင့် UNSCR 1325 အသိပညာပေး ဆွေးနွေးပွဲကို ကျင်းပပြုလုပ်ခဲ့ရာ မွန်ပြည်နယ် လူမှုဝန်ထမ်းရုံးမှ တာဝန်ရှိသူများက အကြောင်း အရာများကို ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ အမှတ်(၁၃) အခြေခံပညာ အထက်တန်းကျောင်း၌ အမျိုးသမီးများ

အပေါ် အကြမ်းဖက်မှု ပပျောက်ရေး (၁၆)ရက်တာ လှုပ်ရှားမှု အထိမ်းအမှတ် အကြိုလှုပ်ရှားမှု အနေဖြင့် ကျား-မရေးရာ (Gender) နှင့် ကျား-မ အခြေပြု အကြမ်းဖက်မှု (Gender Based Violence) အသိပညာပေး ဟောပြောပွဲကို ကျင်းပပြုလုပ်ခဲ့ပါကြောင်းနှင့် တက်ရောက် လာသူများအား မေးခွန်းများမေးမြန်းပြီး ဖြေဆိုသူများကို ဆုလက်ဆောင်များ ချီးမြှင့်ပေးအပ်ခဲ့ပါသည်။



ဆက်လက်၍ မွန်ပြည်နယ် အမျိုးသမီးကော်မတီ မှကြီးမှူး၍ အမျိုးသမီးများအပေါ်အကြမ်းဖက်မှု ပပျောက်ရေး (၁၆) ရက်တာ လှုပ်ရှားမှုအထိမ်းအမှတ် အခမ်းအနားကို မော်လမြိုင်မြို့၊ ပြည်နယ်ခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားတွင် မွန်ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာ စကားပြောကြားခဲ့ကြောင်း၊ မော်လမြိုင်မြို့၊ အားကစားနှင့် ကာယသိပ္ပံကျောင်းမှ ကျောင်းသူလေးများက **"အားကစားသိပ္ပံ ညီနောင်များ"** တေးသီချင်းကို Fitness Dance ဖြင့် ဖျော်ဖြေတင်ဆက်ပြီး၊ နွေးထွေးသော ရင်ခွင်ကိုယ့်အားကိုယ်ကိုး လူမှုရေးအဖွဲ့မှ အဖွဲ့ဝင်များက **"နှံနှစ်ပန်း"** ပြဇာတ်ဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ပါကြောင်းနှင့်အခမ်းအနားအပြီးတွင်ခန်းမအတွင်းခင်းကျင်းပြသထားသော အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း (မော်လမြိုင်မြို့)နှင့် အကြမ်းဖက်ခံရသော အမျိုးသမီးများအား တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသည့်စင်တာ (OSWSC) မှ အမျိုးသမီးငယ်များ၏ ထုတ်ကုန်များ ပြသထားမှုများကို လှည့်လည်ကြည့်ရှုခဲ့ပါသည်။

## 2022 ASEAN-ICT Forum on Child Online Protection သို့ လူမှုဝန်ထမ်းဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့တက်ရောက်

ကမ္ဘောဒီးယားနိုင်ငံ၊ ဖနွမ်းပင်မြို့တွင် (၂.၁၁.၂၀၂၂) ရက်နေ့မှ (၃.၁၁.၂၀၂၂) ရက်နေ့အထိ ကျင်းပပြုလုပ်သည့် 2022 ASEAN-ICT Forum on Child Online Protection သို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ကိုယ်စား လူမှုဝန်ထမ်းဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ခင်မေနုနှင့် ကိုယ်စားလှယ်(၁) ဦး ပါဝင်တက်ရောက်ခဲ့ပါသည်။

အဆိုပါ ဖိုရမ်သို့ အာဆီယံနိုင်ငံများမှ ASEAN Senior Officials Meeting on Social Welfare and Development (SOMSWD) နှင့် The ASEAN Commission on the Promotion and Protection of the Rights of Women and Children (ACWC) ဆိုင်ရာ ကိုယ်စားလှယ်များ၊ UNICEF East Asia and the Pacific Regional Office မှ တာဝန်ရှိသူများ၊ တက္ကသိုလ်များမှပညာရှင်များ၊ ဒေသတွင်းနှင့် နိုင်ငံတကာမှ IT ပညာရှင်များ၊ နည်းပညာအသုံးပြုသည့် ကုမ္ပဏီများမှ တာဝန်ရှိသူများက In-person နှင့် Online တို့ဖြင့် ပါဝင်တက်ရောက်ကြပါသည်။



ဖိုရမ်တွင် ဖိလစ်ပိုင်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံများမှ Child Online Protectionဆိုင်ရာ ဆောင်ရွက်မှုအတွေ့အကြုံများ၊ UNICEFမှ တာဝန်ရှိသူများက ကလေးသူငယ် ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာစံနှုန်းများ၊ စီမံချက်များ၊ တက္ကသိုလ်များမှပညာရှင်များ၊ ဒေသ တွင်းနှင့် နိုင်ငံတကာမှ IT ပညာရှင်များ၊ နည်းပညာအသုံးပြုသည့် ကုမ္ပဏီများမှ တာဝန်ရှိသူများ

က Child Online Protection နှင့်ပတ်သက်၍ ကျင့်သုံးနေသည့်မူဝါဒများ၊ လုပ်ငန်းစဉ်များအား ရှင်းလင်း ဆွေးနွေးခဲ့ကြပါသည်။

2022 ASEAN-ICT Forum on Child Online Protection သို့ ပါဝင်တက်ရောက်ခြင်း ဖြင့် Child Online Protection ဆိုင်ရာ အာဆီယံနိုင်ငံများမှ ဆောင်ရွက်နေမှုများ၊ ကလေးသူငယ်များ Online အသုံးပြုရာတွင် ရရှိနိုင်သည့်ဆိုးကျိုးများနှင့် Online အသုံးပြု၍ ကလေးသူငယ်များ ကို ကာကွယ်စောင့်ရှောက်မှုအစီအစဉ်များကို လေ့လာသိရှိခြင်း၊ နိုင်ငံအတွင်းလိုက်နာကျင့်သုံး ခြင်းဖြင့် Online အသုံးပြု၍ ကလေးသူငယ်များအပေါ် အလွဲသုံးခြင်းများမှ ကလေးသူငယ်များအား ကာကွယ်စောင့်ရှောက်နိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိမည် ဖြစ်ကြောင်းသတင်းရရှိပါသည်။



## ပဋိပက္ခအတွင်းလိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီအစည်းအဝေး (၃/၂၀၂၂) ကျင်းပခြင်း



ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီအစည်းအဝေး (၃/၂၀၂၂) ကို (၈.၁၁.၂၀၂၂) ရက်နေ့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ ပြန်လည် ထူထောင်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပ ပြုလုပ်ခဲ့ရာ ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစန်းစန်းအေး ဦးဆောင်၍ သက်ဆိုင်ရာဝန်ကြီးဌာန/ အဖွဲ့အစည်းများမှ လုပ်ငန်း ကော်မတီဝင် (၂၄) ဦး တက်ရောက်ခဲ့ကြပါသည်။

အစည်းအဝေးတွင် ညွှန်ကြားရေးမှူးချုပ်က ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီး ကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာအမျိုးသား အဆင့်လုပ်ငန်းစီမံချက် တတိယသုံးလပတ် လုပ်ငန်း ဆောင်ရွက်ချက် အစီရင်ခံစာ ရေးသားတင်ပြရေးဆိုင်ရာ ကိစ္စရပ်များအား လည်းကောင်း၊ အမျိုးသားအဆင့် လုပ်ငန်းစီမံချက် (၂၀၂၁-၂၀၂၂) သက်တမ်း (၁) နှစ်ပြည့် တော့မည်ဖြစ်၍ ဆက်လက်ရေးသားနိုင်ရေးနှင့် ပတ်သက် ၍လည်းကောင်း ဆွေးနွေးပြောကြားပြီး လူမှုဝန်ထမ်းဦးစီး ဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (လုပ်ငန်း)က ပဋိပက္ခ အတွင်းလိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတားဆီး ကာကွယ် ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီ အစည်းအဝေး (၂/၂၀၂၂)၏ ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေ အနေများအား တင်ပြဆွေးနွေး ခဲ့ပါသည်။

အစီအစဉ်အရ လုပ်ငန်း ကော်မတီဝင်များမှ ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီး ကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာအမျိုးသား အဆင့်လုပ်ငန်းစီမံချက် တတိယသုံးလပတ်အစီရင်ခံစာ ရေးသားတင်ပြရေးနှင့် စပ်လျဉ်း၍ အကြံပြုဆွေးနွေးခဲ့ကြ ကြောင်း သတင်းရရှိပါသည်။

# ရှမ်းပြည်နယ်တောင်ပိုင်း၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့နယ်တွင် မသန်စွမ်းမှု အဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူမှတ်ပုံတင်ခြင်းလုပ်ငန်းကွင်းဆင်းဆောင်ရွက်



**၂၁-၁၁-၂၀၂၂ ဟိုပုံးမြို့**

မသန်စွမ်းသူများ အနေဖြင့် လူ့အဖွဲ့အစည်း အတွင်း ပါဝင်ဆောင်ရွက်ခွင့်ရရှိရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဝန်ဆောင်မှုများကို လက်လှမ်းမီ ရရှိရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိရေးတို့ အတွက် မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်း သူများ မှတ်ပုံတင်ခြင်းလုပ်ငန်းသည် မဖြစ်မနေအကောင် အထည်ဖော် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ် တစ်ခု ဖြစ်ပါသည်။

ထို့ကြောင့် မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများမှတ်ပုံတင်ခြင်း ကနဦးစီမံကိန်းနယ်မြေ (၄) ခုတွင် တစ်ခုအပါအဝင်ဖြစ်သည့် ရှမ်းပြည်နယ် တောင်ပိုင်း၊ ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံး မြို့နယ်တွင် မသန်စွမ်းမှု အဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများမှတ်ပုံတင်ခြင်းလုပ်ငန်းကို လူမှုဝန်ထမ်း ဦးစီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာနနှင့် ပြန်လည်ထူထောင်ရေး ဦးစီးဌာနတို့မှ ဝန်ထမ်းများ ပူးပေါင်း၍ ကွင်းဆင်း ဆောင်ရွက်လျက်ရှိပါသည်။



မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ၊ နည်း ဥပဒေများနှင့်အညီ မသန်စွမ်းသူများ အနေဖြင့် မိမိတို့ ဆန္ဒအလျောက် မသန်စွမ်းသူမှတ်ပုံတင် လက်မှတ်ကို လျှောက်ထားရယူခြင်းဖြင့် ဥပဒေ၊ နည်းဥပဒေပါ အကာ အကွယ်များကို ရရှိနိုင်မှာဖြစ်သလို ပညာရေးနှင့် အသက် မွေးဝမ်းကြောင်းပညာသင်ကြားရေး၊ မသန်စွမ်းမှု အဆင့် အလိုက် သင့်လျော်သော ကျန်းမာရေးစောင့်ရှောက်မှု ရရှိရေး၊ သတင်းအချက်အလက်နှင့် နည်းပညာများကို အလွယ် တကူလက်လှမ်းမီ ရယူအသုံးပြုနိုင်ရေး၊ အလုပ် အကိုင်အခွင့်အလမ်းများ ရရှိရေးနှင့် အများနည်းတူ လူ့အဖွဲ့အစည်းအတွင်း ပါဝင်ဆောင်ရွက်ခွင့် ရရှိရေး စသည့်အခြေခံအခွင့်အရေးများကို ရရှိနိုင်မည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

# ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် (၃၃) နှစ်မြောက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း အထိမ်းအမှတ် (ကမ္ဘာ့ကလေးများနေ့) အခမ်းအနားကျင်းပခြင်း

၂၀၂၂ခုနှစ်၊ နိုဝင်ဘာလ (၂၀) ရက်နေ့တွင် ကျရောက်သည့် (၃၃) နှစ်မြောက် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း နှစ်ပတ် လည်နေ့ အထိမ်းအမှတ် (ကမ္ဘာ့ကလေးများနေ့) အခမ်း အနားကို (၂၀.၁၁.၂၀၂၂) ရက်နေ့ နံနက် (၀၉:၀၀) နာရီတွင် အမှတ် (၄၉)၊ မလိခလမ်း၊ မရမ်းကုန်းမြို့နယ်ရှိ အမျိုးသမီးကလေးများ သင်တန်းကျောင်း (ရန်ကုန်)တွင် ကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားတွင် ရန်ကုန်တိုင်း ဒေသကြီး ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကော်မတီဥက္ကဋ္ဌ လူမှုရေးရာဝန်ကြီးမှ အဖွင့်အမှာစကား ပြောကြားပြီး မူလတန်းကြိုကျောင်းမှ ရင်သွေးငယ်များ နှင့် ဌာနငယ်/သင်တန်း ကျောင်းအသီးသီးမှ ကလေးများ က ဖျော်ဖြေတင်ဆက်ခဲ့ကြပါသည်။ ထို့နောက် အကြို လှုပ်ရှားမှု အားကစားပြိုင်ပွဲများဖြစ်သည့် ဘောလုံး၊

ဘော်လီဘောနှင့် ကြက်တောင်ရိုက် ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိခဲ့သည့် ကလေးများနှင့် ဖျော်ဖြေရေးတွင် ပါဝင်ခဲ့ကြသည့် ကလေးများအား ဂုဏ်ပြုဆုများချီးမြှင့်ခဲ့ကြသည်။




(၃၃)နှစ်မြောက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကုလသမဂ္ဂကွန်ဗင်းရှင်း နှစ်ပတ်လည်နေ့ (ကမ္ဘာ့ကလေးများနေ့) အထိမ်းအမှတ်အခမ်းအနားကို (၂၁.၁၁.၂၀၂၂) ရက်နေ့၊ နံနက် (၀၉:၀၀) အချိန်တွင် ပဲခူးမြို့၊ မြို့တော်ခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီဝင်များ၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း နှစ်ပတ်လည်နေ့ အကြိုလှုပ်ရှားမှုအားကစားပြိုင်ပွဲတွင် ဆုရရှိသောကလေးငယ်များ၊ ကလေးမိဘများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ခဲ့ကြပြီး အကြိုလှုပ်ရှားမှုအားကစားပြိုင်ပွဲများတွင် ဆုရရှိသော ကလေးများနှင့် ပါဝင်ဖျော်ဖြေသည့် ရင်သွေးငယ်များအား ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ငွေသားဆုနှင့် အမှတ်တရလက်ဆောင်များ ချီးမြှင့်ခဲ့ပါသည်။




(၃၃)နှစ်မြောက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း အထိမ်းအမှတ် ကမ္ဘာ့ကလေးများနေ့ အထိမ်းအမှတ် အခမ်းအနားကို မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ပြည်နယ်ခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ မွန်ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး မော်လမြိုင်မြို့၊ အမှတ်(၁)မူလတန်းကြိုကျောင်းမှ ကလေးများက "လှကမ္ဘာမြေ" သီချင်းဖြင့် တေးသရုပ်ဖော် ဖျော်ဖြေတင်ဆက်ရာ ပြည်နယ်ဝန်ကြီးချုပ်မှ ဂုဏ်ပြုလက်ဆောင် ပေးအပ်ချီးမြှင့်ခဲ့ပါသည်။ ထို့နောက် မော်လမြိုင်မြို့၊ ချောင်းဆုံမြို့၊ သံဖြူဇရပ်မြို့များရှိ လူမှုဝန်ထမ်းဦးစီးဌာနမှ ဖွင့်လှစ်ထားသော မူလတန်းကြိုကျောင်းများ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းမှ ဖွင့်လှစ်ထားသော ဘက်စုံမူလတန်းကြိုကျောင်း၊ ပုဂ္ဂလိကမူလတန်းကြိုကျောင်းများ၊ မော်လမြိုင်ကလေးပြုစုရေးဌာန၊ မော်လမြိုင်လူငယ်သင်တန်းကျောင်းမှ ကလေးငယ်များက တေးသရုပ်ဖော်ဖျော်ဖြေ တင်ဆကခဲ့ပြီး မွန်ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများက ဂုဏ်ပြုလက်ဆောင်များ အသီးသီးချီးမြှင့်ခဲ့ကြပါသည်။



စစ်ကိုင်းတိုင်းဒေသကြီး ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို (၁.၁၁.၂၀၂၂) ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ လူမှုဝန်ထမ်းရုံး အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ခဲ့ရာ စစ်ကိုင်းတိုင်းဒေသကြီး ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားခဲ့ပြီး အတွင်းရေးမှူးက ဆောင်ရွက်ခဲ့သော ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကိစ္စများနှင့်ရှေ့လုပ်ငန်းစဉ်များကို တင်ပြခဲ့ပြီးနောက် တက်ရောက်လာသော ကော်မတီအဖွဲ့ဝင်များက မိမိတို့ဌာန၊ အဖွဲ့အစည်းများမှ ဆောင်ရွက်လျက်ရှိသော ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကိစ္စများကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

မွန်ပြည်နယ်ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကော်မတီမှကြီးမှူး၍ ပြည်နယ်ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကော်မတီ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို (၁၅.၁၁.၂၀၂၂)ရက်နေ့တွင် မော်လမြိုင်မြို့ လူမှုဝန်ထမ်းဦးစီးဌာန၊ ပြည်နယ်လူမှုဝန်ထမ်း ရုံးခန်းမ၌ ပြည်နယ်/ခရိုင်/မြို့နယ် ကလေးသူငယ်အခွင့်အရေးများ ဆိုင်ရာ ကော်မတီဝင်များ၊ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများ ဆောင်ရွက်နေသော လူမှုရေးအဖွဲ့ အစည်းများ၊ ပြည်နယ်/ ခရိုင်/ မြို့နယ် လူမှုဝန်ထမ်းရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်း ဆွေးနွေးခဲ့ကြပါသည်။



## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ အသိပညာပေးဆောင်ရွက်မှုအခြေအနေ



- (၂၆-၁၀-၂၀၂၂) ရက်နေ့တွင် မြင်းခြံမြို့ အမှတ်(၃) အ.ထ.က ကျောင်း၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး ဆောင်ရွက်ခဲ့ ပါသည်။
- (၂၆-၁၀-၂၀၂၂) ရက်နေ့တွင် ဒဂုံမြို့နယ်၊ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာအသိပညာပေးဆောင်ရွက်ခဲ့ပါသည်။
- (၂၇-၁၀-၂၀၂၂) ရက်နေ့တွင် အိမ်မဲမြို့နယ်၊ ကြခတ်ကွေ့ကျေးရွာ၊ အ.ထ.ကကျောင်း၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဆောင်ရွက်ခဲ့ပါသည်။
- (၂-၁၁-၂၀၂၂) ရက်နေ့တွင် မင်းလှမြို့နယ်၊ လက်ဆက်ကျေးရွာအုပ်စု၊ စိန်ကန့်လန့်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း၌ သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး ဆောင်ရွက်ခဲ့ပါသည်။
- (၃-၁၁-၂၀၂၂) ရက်နေ့တွင် မြိတ်ခရိုင်၊ ပုလောမြို့နယ်၊ အ.ထ.က(၂)အခြေခံပညာ အထက်တန်းကျောင်း၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး ဆောင်ရွက်ခဲ့ပါသည်။
- (၁၀-၁၁-၂၀၂၂) ရက်နေ့တွင် ကညော် ကျေးရွာ၊ ဘောလုံးကွင်းအရှေ့ ဈေးအနီး၌ မီးဘေး အသိပညာပေးဗီနိုင်းပိုစတာ စိုက်ထူခဲ့ပါသည်။



- (၁၄-၁၁-၂၀၂၂) ရက်နေ့တွင် ကသာခရိုင်ဦးစီးမှူးရုံး၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး ဆောင်ရွက်ခဲ့ပါသည်။
- (၁၅-၁၁-၂၀၂၂) ရက်နေ့တွင် ချောင်းဆုံ မြို့နယ်၊ အ.ထ.က (သင်္ကြော) စာသင်ကျောင်း၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး ဆောင်ရွက်ခဲ့ပါသည်။
- (၁၅-၁၁-၂၀၂၂) ရက်နေ့တွင် မအူပင်မြို့ ပိန်းချောင်း (အ.လ.က) စာသင်ကျောင်း၌ သဘာဝ

ဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး ဆောင်ရွက်ခဲ့ပါသည်။



- (၁၅-၁၁-၂၀၂၂) ရက်နေ့တွင် ကသာမြို့၊ အမှတ် (၃) အခြေခံပညာ အထက်တန်းကျောင်း၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး ဆောင်ရွက်ခဲ့ပါသည်။

- (၂၂-၁၁-၂၀၂၂) ရက်နေ့တွင် ပုသိမ်မြို့နယ်၊ (အ.လ.က) (၄) မြက်တို အလယ်တန်းကျောင်း(ခွဲ)၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာအသိပညာပေးဆောင်ရွက်ခဲ့ပါသည်။
- (၂၂-၁၁-၂၀၂၂)ရက်နေ့တွင် မော်လမြိုင်ကျွန်းမြို့နယ်၊ အ.မ.က (၁၄) လမ်းကျောင်း၌ သဘာဝ ဘေးအန္တရာယ်ဆိုင်ရာအသိပညာပေး ဆောင်ရွက်ခဲ့ ပါသည်။
- (၂၄-၁၁-၂၀၂၂) ရက်နေ့တွင် သုံးခွမြို့နယ်၊ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး ဆောင်ရွက်ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ဘေးသင့်ပြည်သူများအားထောက်ပံ့မှုအခြေအနေ

- မော်လမြိုင်ကျွန်း မြို့နယ်ဦးစီးမှူးရုံးမှ လေဘေးသင့်ပြည်သူများထံ (၂၄-၁၀-၂၀၂၂) ရက်နေ့တွင်ထောက်ပံ့မှုများ ပေးအပ်ခဲ့ပါသည်။



- ညောင်တုန်းမြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ညောင်တုန်းမြို့နယ်၊ ရန်ကင်းစံရာ ကျေးရွာအုပ်စု၊ သပြုဆိပ်ကျေးရွာနှင့် ဆင်ထုံးကျေးရွာအုပ်စု၊ ငွေသောင်ယံကျေးရွာ လေဘေးသင့် ပြည်သူများထံသို့ (၂၆-၁၀-၂၀၂၂) ရက်နေ့တွင် ထောက်ပံ့မှုများ ပေးအပ်ခဲ့ပါသည်။
- ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် လေဘေးသင့်ပြည်သူများထံ (၂၇-၁၀-၂၀၂၂) ရက်နေ့တွင် ထောက်ပံ့မှုများ ပေးအပ်ခဲ့ပါသည်။



- ရေကြည်မြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည်ရေကြည်မြို့နယ်၊မကြီးကျေးရွာအုပ်စု၊မကြီးကျေးရွာ လေဘေးသင့် ပြည်သူများထံသို့ (၃၁-၁၀-၂၀၂၂) ရက်နေ့တွင် ထောက်ပံ့မှုများ ပေးအပ်ခဲ့ပါသည်။
- ညောင်တုန်းမြို့နယ် ဦးစီးမှူးရုံးမှတာဝန်ရှိသူများသည် ညောင်တုန်းမြို့နယ်၊ ချောင်းကြီးကျေးရွာအုပ်စု၊ ချောင်းကြီးကျေးရွာ ကမ်းပြိုဘေးကြောင့် ကြိုတင်ဖျက်သိမ်းပြောင်းရွှေ့ နေအိမ်များထံသို့ (၂-၁၁-၂၀၂၂) ရက်နေ့တွင် ထောက်ပံ့မှုများ ပေးအပ်ခဲ့ပါသည်။

- ပုသိမ်ခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ကန်ကြီးထောင့်မြို့နယ်၊ လိပ်ကမ္ဘာကျေးရွာအုပ်စု၊ ဝဲချောင်းကျေးရွာ ကမ်းပြိုဘေးဖြစ်ပွားမှုကြောင့် ဘေးသင့်ပြည်သူများထံသို့ (၁၈-၁၁-၂၀၂၂) ရက်နေ့ တွင် ထောက်ပံ့မှုများ ပေးအပ်ခဲ့ပါသည်။



- မြောင်းမြခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် မြောင်းမြမြို့နယ်အတွင်း ကမ်းပြိုဘေးကြောင့် ကြိုတင်ဖျက်သိမ်းပြောင်းရွှေ့ နေအိမ်များထံသို့ (၁၈-၁၁-၂၀၂၂) ရက်နေ့တွင် ထောက်ပံ့မှုများ ပေးအပ်ခဲ့ပါသည်။

- မအူပင်ခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ကမ်းပြိုဘေးကြောင့် ကြိုတင်ဖျက်သိမ်း ပြောင်းရွှေ့ နေအိမ်များထံသို့ (၂၁-၁၁-၂၀၂၂) ရက်နေ့တွင် ထောက်ပံ့မှုများ ပေးအပ်ခဲ့ပါသည်။

- မအူပင်ခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ကမ်းပြိုဘေးကြောင့် ကြိုတင်ဖျက်သိမ်း ပြောင်းရွှေ့ နေအိမ်များထံသို့ (၂၄-၁၁-၂၀၂၂) ရက်နေ့တွင် ထောက်ပံ့မှုများ ပေးအပ်ခဲ့ပါသည်။

- ကသာခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ကသာမြို့နယ်၊ စက်ပန်းရပ်ကွက် မီးဘေးသင့် ပြည်သူများထံသို့ (၇-၁၁-၂၀၂၂)ရက်နေ့တွင် ထောက်ပံ့မှုများ ပေးအပ်ခဲ့ပါသည်။

- သထုံမြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် သုဝဏ္ဏဝတီမြို့ သိမ်ဆိပ်ရပ်ကွက် မီးဘေးသင့် ပြည်သူများထံသို့ (၈-၁၁-၂၀၂၂) ရက်နေ့တွင် ထောက်ပံ့မှုများ ပေးအပ်ခဲ့ပါသည်။

- သထုံမြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် သုဝဏ္ဏဝတီမြို့ သိမ်ဆိပ်ရပ်ကွက် မီးဘေးသင့် ပြည်သူများထံသို့ (၁၀-၁၁-၂၀၂၂) ရက်နေ့တွင် ထောက်ပံ့မှုများ ပေးအပ်ခဲ့ပါသည်။

- သထုံမြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများ သည် သထုံမြို့နယ်၊ ကျိုက်ကော်ရပ်ကွက် မီးဘေးသင့်ပြည်သူများထံသို့ (၉-၁၁-၂၀၂၂) ရက်နေ့တွင် ထောက်ပံ့မှုများ ပေးအပ်ခဲ့ပါသည်။

- ချောင်းဆုံမြို့နယ် ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ချောင်းဆုံမြို့နယ်၊ ကွမ်ရိုက်ကျေးရွာ မီးဘေးသင့် ပြည်သူများထံသို့ (၁၀-၁၁-၂၀၂၂) ရက်နေ့တွင် ထောက်ပံ့မှုများ ပေးအပ်ခဲ့ပါသည်။

- သထုံမြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ပေါင်မြို့နယ်၊ ဇင်းကျိုက်မြို့ မီးဘေးသင့် ပြည်သူများထံသို့ (၁၁-၁၀-၂၀၂၂) ရက်နေ့တွင် ထောက်ပံ့မှုများ ပေးအပ်ခဲ့ပါသည်။




- ရန်ကုန် တောင်ပိုင်းခရိုင် ဦးစီးမှူးရုံး (သန်လျင်) မှတာဝန်ရှိသူများသည် သန်လျင်မြို့နယ်၊ အမှုထမ်းရပ်ကွက်၊ စိုက်ပျိုးရေးလမ်း၊ ဦးရွှေရိုး လမ်းသွယ်အတွင်း မီးဘေးသင့် ပြည်သူများထံသို့ (၁၂-၁၁-၂၀၂၂) ရက်နေ့တွင် ထောက်ပံ့မှုများ ပေးအပ် ခဲ့ပါသည်။

- သထုံခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် သထုံမြို့နယ်၊ အောက်ကျင်းရပ်ကွက်၊ အုတ်ဖိုတန်းလမ်း မီးဘေးသင့်ပြည်သူများထံသို့ (၁၅-၁၁-၂၀၂၂) ရက်နေ့တွင် ထောက်ပံ့မှုများ ပေးအပ်ခဲ့ပါသည်။



- ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် တိုက်ကြီးမြို့နယ်အတွင်း တောဆင်ရိုင်းဝင်ရောက်မှုကြောင့် ပြည်သူများထံ ၂၆-၁၀-၂၀၂၂ ရက်နေ့တွင် ထောက်ပံ့မှုများ ပေးအပ်ခဲ့ပါသည်။

- သန်လျင်ခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ခရမ်းမြို့နယ်၊ ထိန်ပင်ကွင်းကျေးရွာ၌ မိုးကြိုး စက်ကွင်းထိမှန်မှုကြောင့် သေဆုံးသူ (၁) ဦးအတွက် ကျန်ရစ်သူမိသားစုများထံသို့ (၂၁-၁၁-၂၀၂၂) ရက်နေ့တွင် ထောက်ပံ့ငွေ (၃) သိန်းကျပ် ပေးအပ်ခဲ့ပါသည်။

- ပျော်ဘွယ်မြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ပျော်ဘွယ်မြို့နယ်၊ ယင်းတော်မြို့မ ကျေးရွာအုပ်စု၊ ယင်းတော်မြို့မကျေးရွာ မီးဘေးသင့် ပြည်သူများထံသို့ (၄-၁၁-၂၀၂၂) ရက်နေ့တွင် အိမ်ဆောက်ပစ္စည်းဖိုး (၂) သိန်း၊ ဆန်ရိက္ခာဖိုး (၁၀,၅၀၀/-)နှင့်(၄၉,၀၃၆/-) တန်ဖိုးရှိ ကယ်ဆယ်ရေးပစ္စည်း (၁၇)မျိုးတို့ကို ထောက်ပံ့မှုများ ပေးအပ်ခဲ့ပါသည်။

- မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ချမ်းမြသာစည်မြို့နယ်၊ ချမ်းမြသာစည် တောင်ရပ်ကွက်၊ ကန်ရွာသစ် အမှတ်(၈၆၈)တွင် ဖြစ်ပွားသော မီးဘေးသင့်ပြည်သူများထံသို့ (၄-၁၁-၂၀၂၂)ရက်နေ့တွင် အိမ်ဆောက်ပစ္စည်းဖိုး (၅၃)သိန်း၊ ဆန်ရိက္ခာဖိုး (၅၀၆,၁၀၀/-)၊ ဒဏ်ရာရထောက်ပံ့ငွေကျပ် (၁၀၀,၀၀၀/-) နှင့် (၄၉,၀၃၆/-) တန်ဖိုးရှိ ကယ်ဆယ်ရေးပစ္စည်း (၁၇)မျိုးတို့ကို ထောက်ပံ့မှုများ ပေးအပ်ခဲ့ပါသည်။

- မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးမှ တာဝန် ရှိသူများသည် ချမ်းအေးသာစံမြို့နယ်၊ ဒေးဝန်းအနောက်ရပ်ကွက်အတွင်း ဖြစ်ပွားခဲ့သော မီးဘေး သင့်ပြည်သူများထံသို့ (၁၄-၁၁-၂၀၂၂) ရက်နေ့တွင် အိမ်ဆောက်ပစ္စည်းဖိုး (၅၀,၀၀၀/-)ကျပ်၊ ဆန်ရိက္ခာ ဖိုး (၂,၁၀၀/-)ကျပ်တို့ကို ထောက်ပံ့မှုများ ပေးအပ် ခဲ့ပါသည်။

- နွားထိုးကြီးမြို့နယ် ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် နွားထိုးကြီးမြို့နယ်၊ အမှတ် (၆) ရပ်ကွက်တွင် ဖြစ်ပွားခဲ့သော မီးဘေးသင့်ပြည်သူများထံ (၁၅-၁၁-၂၀၂၂) ရက်နေ့တွင် အိမ်ဆောက် ပစ္စည်းဖိုး (၁)သိန်း၊ ဆန်ရိက္ခာဖိုး (၄,၂၀၀/-)နှင့် (၄၆,၃၆၄/-) တန်ဖိုးရှိ ကယ်ဆယ်ရေးပစ္စည်း (၁၇)မျိုးတို့ကို ထောက်ပံ့မှုများ ပေးအပ်ခဲ့ပါသည်။

- ပျော်ဘွယ်မြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ရွာတန်းကျေးရွာ မီးဘေးသင့်ပြည်သူများထံသို့ (၁၇-၁၁-၂၀၂၂) ရက်နေ့တွင် အိမ်ဆောက်ပစ္စည်းဖိုး (၁)သိန်း၊ ဆန်ရိက္ခာဖိုး (၄,၂၀၀/-)နှင့် (၄၉,၀၃၆/-) တန်ဖိုးရှိ ကယ်ဆယ်ရေးပစ္စည်း (၁၇) မျိုး တို့ကို ထောက်ပံ့မှုများ ပေးအပ်ခဲ့ပါသည်။

- မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ အကွက် အမှတ် (ဋ-၁၂) တွင် ဖြစ်ပွားသော မီးဘေးသင့်ပြည်သူများထံသို့ (၁၈-၁၁-၂၀၂၂) ရက်နေ့တွင် အိမ်ဆောက်ပစ္စည်းဖိုး (၁၅၀,၀၀၀/-)ကျပ်၊ ဆန်ရိက္ခာဖိုး (၄၂,၀၀၀/-)နှင့် (၄၉,၀၃၆/-) တန်ဖိုးရှိ ကယ်ဆယ်ရေးပစ္စည်း (၁၇) မျိုးတို့ကို ထောက်ပံ့မှုများ ပေးအပ်ခဲ့ပါသည်။

- ကျောက်ဆည်ခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် စဉ့်ကိုင်မြို့နယ်၊ ရှမ်းကန်ကျေးရွာအုပ်စု၊ ရှမ်းကန်ကျေးရွာမြောက်တွင် ဖြစ်ပွားခဲ့သော မီးဘေး သင့်ပြည်သူများထံသို့ (၂၅-၁၁-၂၀၂၂) ရက်နေ့တွင် အိမ်ဆောက်ပစ္စည်းဖိုး (၃၀၀,၀၀၀/-)ကျပ်၊ ဆန်ရိက္ခာဖိုး(၂၇,၃၀၀/-) နှင့် (၄၆,၀၃၆/-) တန်ဖိုးရှိ ကယ်ဆယ်ရေးပစ္စည်း (၁၇) မျိုးတို့ကို ထောက်ပံ့မှုများ ပေးအပ်ခဲ့ပါသည်။

- မင်းဘူးခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ပွင့်ဖြူမြို့နယ်၊ ဇီးကျွန်း၊ ကျွန်းကလေး၊ ဘီးဇပ်ခုံ၊ ထူးနှင့်ငှက်တောကုန်းကျေးရွာ တို့တွင် ကမ်းပြိုဘေးကြောင့် ကြိုတင်ဖျက်သိမ်းပြောင်းရွှေ့ နေအိမ်များထံသို့ (၉-၁၁-၂၀၂၂) ရက်နေ့တွင် အိမ်ဆောက်ပစ္စည်းဖိုး (၁၂)သိန်းနှင့် ဆန်ရိက္ခာဖိုး (၁၃၂,၃၀၀/-)တို့ကို ထောက်ပံ့မှုများပေးအပ်ခဲ့ပါသည်။

- ပခုက္ကူခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ပခုက္ကူမြို့နယ်၊ ကျွန်းညိုရွာသစ်ကျေးရွာတွင် ကမ်းပြိုဘေးကြောင့် ကြိုတင်ဖျက်သိမ်းပြောင်းရွှေ့ နေအိမ်များထံသို့ (၉-၁၁-၂၀၂၂) ရက်နေ့တွင် အိမ်ဆောက်ပစ္စည်းဖိုး

(၂၄)သိန်းနှင့် ဆန်ရိက္ခာဖိုး (၂၀၅,၈၀၀/-)တို့ကို ထောက်ပံ့မှုများပေးအပ်ခဲ့ပါသည်။

- ဂန့်ဂေါခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ဂန့်ဂေါမြို့နယ်၊ မောက်လင်းကျေးရွာတွင် ဖြစ်ပွားခဲ့သော အကြမ်းဖက်အဖွဲ့၏ မီးရှို့ဖျက်စီးမှုကြောင့် မီးဘေးသင့်ပြည်သူများထံသို့(၁-၁၁-၂၀၂၂) ရက်နေ့တွင် အိမ်ဆောက်ပစ္စည်းဖိုး (၂)သိန်း၊ ဆန်ရိက္ခာဖိုး (၆၃,၀၀၀/-)ကျပ်နှင့် (၄၆,၀၃၆/-)ကျပ်တန်ဖိုးရှိ ကယ်ဆယ်ရေးပစ္စည်း (၁၆)မျိုးတို့ကို ထောက်ပံ့မှုများ ပေးအပ်ခဲ့ပါသည်။

- ပခုက္ကူခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ပခုက္ကူမြို့၊ ကျွဲတဲကျေးရွာတွင် ဖြစ်ပွားခဲ့သော မီးဘေးသင့်ဒဏ်ရာရရှိသူ (၁)ဦးအတွက် (၁၁-၁၁-၂၀၂၂) ရက်နေ့တွင် (၅၀,၀၀၀/-)ကျပ်ကို ထောက်ပံ့ ပေးအပ်ခဲ့ပါသည်။

- ပခုက္ကူခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ပခုက္ကူမြို့နယ်၊ မြင်းကျွန်းကျေးရွာတွင် ကမ်းပြိုဘေးကြောင့် ကြိုတင်ဖျက်သိမ်းပြောင်းရွှေ့ နေအိမ်များထံသို့ (၁၁-၁၁-၂၀၂၂) ရက်နေ့တွင် အိမ်ဆောက်ပစ္စည်းဖိုး (၉) သိန်းနှင့် ဆန်ရိက္ခာဖိုး (၈၁,၉၀၀/-) တို့ကို ထောက်ပံ့မှုများ ပေးအပ်ခဲ့ပါသည်။

- ပခုက္ကူခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ပခုက္ကူမြို့နယ်၊ ပန်းတိုင်းခြံကျေးရွာတွင် မီးဘေးသင့်ပြည်သူများထံသို့ (၉-၁၁-၂၀၂၂)ရက်နေ့တွင် အိမ်ဆောက်ပစ္စည်းဖိုး (၄)သိန်းနှင့် ဆန်ရိက္ခာဖိုး (၂၅,၂၀၀/-) ကျပ်နှင့် (၂၀၅,၀၂၄/-) တန်ဖိုးရှိ ကယ်ဆယ်ရေးပစ္စည်း (၁၇)မျိုးတို့ကို ထောက်ပံ့မှုများ ပေးအပ်ခဲ့ပါသည်။

- ပခုက္ကူခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ပခုက္ကူမြို့နယ်၊ ကျွန်းညိုရွာသစ်ကျေးရွာတွင် ကမ်းပြိုဘေးကြောင့် ကြိုတင်ဖျက်သိမ်းပြောင်းရွှေ့ နေအိမ်များထံသို့ (၁၆-၁၁-၂၀၂၂) ရက်နေ့တွင် အိမ်ဆောက်ပစ္စည်းဖိုး (၂၁)သိန်းနှင့် ဆန်ရိက္ခာဖိုး (၁၉၉,၅၀၀/-)တို့ကို ထောက်ပံ့မှုများ ပေးအပ်ခဲ့ပါသည်။

- ပခုက္ကူခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ပခုက္ကူမြို့နယ်၊ ထနောင်းကုန်းကျေးရွာတွင် မီးဘေးသင့် နေအိမ်များထံသို့ (၁၃-၁၁-၂၀၂၂) ရက်နေ့တွင် အိမ်ဆောက်ပစ္စည်းဖိုး(၂)သိန်း၊ ဆန်ရိက္ခာဖိုး (၁၀,၅၀၀/-) ကျပ်နှင့် (၉၆,၅၁၂/-) တန်ဖိုးရှိ ကယ်ဆယ်ရေးပစ္စည်း (၁၆)မျိုးတို့ကို ထောက်ပံ့မှုများ ပေးအပ်ခဲ့ပါသည်။

- ဂန့်ဂေါခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ဂန့်ဂေါမြို့နယ်၊ မြင်းဇာကျေးရွာတွင် အကြမ်း ဖက်အဖွဲ့၏ တိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိသူ (၁)ဦးအတွက် (၁၈-၁၁-၂၀၂၂) ရက်နေ့တွင် (၅၀,၀၀၀/-) ကျပ်ကို ထောက်ပံ့ ပေးအပ်ခဲ့ပါသည်။

- မြို့သစ်မြို့နယ် ဦးစီးမှူးရုံးမှ တာဝန်ရှိသူများ သည် ကွမ်းခြံကျေးရွာတွင် အကြမ်းဖက်အဖွဲ့၏ တိုက်ခိုက်မှုကြောင့်သေဆုံးသူ(၁)ဦးအတွက်(၁-၁၁-၂၀၂၂) ရက်နေ့တွင် (၃၀၀,၀၀၀/-) ကျပ်ကို ထောက်ပံ့ပေးအပ်ခဲ့ ပါသည်။

- မြို့သစ်မြို့နယ် ဦးစီးမှူးရုံးမှ တာဝန်ရှိသူများ သည် ကွင်းကြီးကျေးရွာတွင် အကြမ်းဖက်အဖွဲ့၏ တိုက်ခိုက်မှုကြောင့်သေဆုံးသူ(၁)ဦးအတွက်(၁-၁၁-၂၀၂၂) ရက်နေ့တွင် (၃၀၀,၀၀၀/-) ကျပ်ကို ထောက်ပံ့ပေးအပ် ခဲ့ပါသည်။

- ဆင်ပေါင်ဝဲမြို့နယ် ဦးစီးမှူးရုံးမှ တာဝန်ရှိသူ များသည် မိုးသည်းထန်စွာရွာသွန်းပြီး ချောင်းရေလွှမ်းမိုးမှုကြောင့် သေဆုံးသူ (၁)ဦးအတွက် (၂-၁၁-၂၀၂၂)ရက်နေ့တွင် (၃၀၀,၀၀၀/-)ကျပ်ကို ထောက်ပံ့ ပေးအပ်ခဲ့ပါသည်။

- မကွေးမြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် လက်ပံရွာသစ်ကျေးရွာတွင် ဖြစ်ပွားခဲ့သောမီးလောင်ကျွမ်းမှုကြောင့် မီးဘေးသင့်ပြည်သူများထံသို့ (၁၁-၁၁-၂၀၂၂) ရက်နေ့တွင် အိမ်ဆောက်ပစ္စည်းဖိုး(၃)သိန်းနှင့် ဆန်ရိက္ခာဖိုး(၁၄,၇၀၀/-)ကျပ်နှင့်(၁၃၈,၁၀၈/-)တန်ဖိုးရှိ ကယ်ဆယ်ရေးပစ္စည်း (၁၆)မျိုးတို့ကို ထောက်ပံ့မှုများပေးအပ် ခဲ့ပါသည်။

- တနင်္သာရီတိုင်းဒေသကြီး ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ထားဝယ်မြို့နယ်၊ ကညံ့ရပ်ကွက်တွင် ဖြစ်ပွားခဲ့သော မီးဘေးသင့် သေဆုံးသူ (၁)ဦးနှင့် ဒဏ်ရာရရှိသူ (၃)ဦး အတွက် (၁၁-၁၁-၂၀၂၂) ရက်နေ့တွင် (၄၅၀,၀၀၀/-) ကျပ်ကို ထောက်ပံ့မှုများပေးအပ်ခဲ့ပါသည်။

# ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ မြဝတီမြို့၊ ယာယီလက်ခံစောင့်ရှောက်ရေးဂေဟာမှ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် လူကုန်ကူးခြင်း၊ ရွှေ့ပြောင်းသွားလာခြင်းနှင့် လူမှောင်ခိုကူးခြင်းဆိုင်ရာ အသိပညာပေး Talk Show ပြောကြားခြင်း




**နိုဝင်ဘာလ ၁၆ မြဝတီ၊**

ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ကရင်ပြည်နယ်၊ မြဝတီမြို့၊ ယာယီလက်ခံ စောင့်ရှောက်ရေးဂေဟာမှ ဒေါ်ခင်နွယ်နွယ်ရီ၊ ဦးစီးအရာရှိနှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှဒေါ်မာမာရီ(လက်ထောက် ညွှန်ကြားရေးမှူး) တို့သည် လူကုန်ကူးခြင်း၊ ရွှေ့ပြောင်း သွားလာခြင်းနှင့် လူမှောင်ခိုကူးခြင်းဆိုင်ရာအသိပညာပေး Talk Show အားပြောကြားခဲ့ပါသည်။

အဆိုပါ Talk Show တွင် အမျိုးသမီးများသည် လူကုန်ကူးခံရသည့်အခါ လိင်ပိုင်းဆိုင်ရာ စော်ကားခံရမှုများ၊ လူကုန်ကူးသူတို့သည် မိမိတို့၏အားနည်းချက်များ အပေါ်တွင် အခွင့်အရေးယူ တက်ကြွခြင်း၊ အယုံမလွယ်ခြင်းနှင့် မှန်ကန်သော ဆုံးဖြတ်ချက်ရှိနေခြင်းသည် လူကုန်ကူးခံရခြင်းမှ ကာကွယ်ပေးနိုင်ခြင်း၊ လူကုန်ကူးခြင်းသည် အမျိုးသမီးနှင့် ကလေးသူငယ်များတွင်သာ ဖြစ်ပွားသည်မဟုတ်ဘဲ အမျိုးသားများလည်း လူကုန်ကူးခံနေရသည့် သာဓက များရှိခြင်း၊ ကလေးငယ်များသည် လူကုန်ကူးခံရသည့် အခါ အဓမ္မမွေးစားကျွန်ပြုခံရခြင်း၊ အဓမ္မတောင်းရမ်းခိုင်း စေခံရခြင်းများအပြင် ကလေး၏ ကိုယ်အင်္ဂါ အစိတ်အပိုင်း များအား ရောင်းကုန်အဖြစ် ရောင်းစားခံရခြင်းများ ဖြစ်နိုင်ပါသဖြင့် မိဘများမှ ဂရုစိုက်စောင့်ရှောက်ရန် လိုအပ်ကြောင်း၊ လူကုန်ကူးခံရသူများအားပြန်လည် လက်ခံနိုင်ရေးအတွက် ပြန်လည် ထူထောင်ရေးဦးစီးဌာန၊ နေပြည်တော် (ရုံးချုပ်) ၏ တိုက်ရိုက်ကြီးကြပ်မှုဖြင့် ညွှန်ကြားချက်အရ မိသားစု အခြေအနေ စုံးစမ်းခြင်း၊ ဆန်းစစ်ခြင်း၊ Victim ၏ သဘောဆန္ဒနှင့်အညီ ကျန်းမာရေး စစ်ဆေးပေးခြင်းနှင့် ကုသပေးခြင်း၊ အစားအစာ၊အဝတ်အစား၊ နေရာထိုင်ခင်း စသည့် အခြေခံလိုအပ်ချက်များအား ဖြည့်ဆည်းပေးခြင်း၊ နိုင်ငံသားစိစစ်ရေး ကဒ်ပြားများအား ပျောက်ဆုံးသူ၊ မရှိသေးသူများအား ယာယီခရီးသွားလာခွင့် ထောက်ခံချက်များရရှိရေးအတွက် သက်ဆိုင်ရာဌာနနှင့် ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊မိသားစုထံပြန်လည်ဝင်ဆံ့ပေါင်းစည်းပေးခြင်းအတွက် လိုက်ပါပို့ဆောင်အပ်နှံပေးခြင်း၊ အလုပ်အကိုင်ရရှိရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းများနှင့် ချိတ်ဆက်ပေးခြင်း၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေအရ တည်ထောင်ထားသော လူကုန်ကူးခံရသူများကို ပြန်လည်ထူထောင်ရေး ရန်ပုံငွေမှကျခံလျက် လူကုန်ကူး ခံရသူများအား ပြန်လည်ထူထောင်ရေး လုပ်ငန်းများ စီစဉ်ဆောင်ရွက်ပေးခြင်း၊ ရွှေ့ပြောင်းသွားလာခြင်းသည် ဘဝရပ်တည်ရန်အတွက် ဝင်ငွေပိုမိုရရှိရန် မိမိနေထိုင်ရာဒေသမှ အခြားဒေသသို့ ခေတ္တဖြစ်စေ၊ အမြဲဖြစ်စေ၊ ပြည်တွင်း/ ပြည်ပသို့ ရွှေ့ပြောင်းနေထိုင်ခြင်းဖြစ်ပြီး ရွှေ့ပြောင်းသွားလာခြင်းမှာ ပုံမှန်ရွှေ့ပြောင်းသွားလာခြင်းနှင့် ပုံမှန်မဟုတ်သော ရွှေ့ပြောင်းသွားလာခြင်းဆိုပြီး နှစ်ရပ်ရှိကြောင်းနှင့် လူမှောင်ခိုခြင်းဆိုသည်မှာ လူတစ်ဦး တစ်ယောက်အား တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော် လည်းကောင်း သယ်ဆောင်ကာ အခကြေးငွေ တစ်စုံတစ်ရာ ယူဆောင်၍ နိုင်ငံတစ်နိုင်ငံသို့ တရားမဝင် သယ်ယူပို့ဆောင်ပေးခြင်းတို့ ဖြစ်ကြောင်း သိရှိရပါသည်။